
ပုံပြင်မပြောအားသော မိဘများနှင့် ပုံပြင်ဖတ်ချင်သော ကလေးငယ်များအတွက်
ဆုပြည့်စုံထွန်းစာပေ
ပုံပြင်ကမ္ဘာ
ကလေးရုပ်စုံစာစောင်
CARTOON
LU LU

ကလေးတိုင်းချစ်တဲ့
VITA-KID
ကလေးအားဆေး
Strawberry Flavour
VITA-KID
Multivitamin and Mineral Chewable Tablets for Kids
60 Tablets
Zifam Pinnacle
Made in Australia
စတော်ဘယ်ရီအရသာရှိပြီး ချစ်စရာ
ကိုအာလာ ဝက်ဝံလေးပုံစံဖြင့် ထုတ်လုပ်ထားပါသည်
Zifam
Ygn: 01-544467, 544483
Mdy: 02-31706, 74430

ပုံပြင်ကမ္ဘာ

ကာလေးရုပ်စုံစာစောင်

--------------------- ရဲ့စာအုပ်ပါ။

--------------------- ဝယ်ပေးထားတာ။

ဆုပြည့်စုံထွန်းစာပေ

အမှတ် - ၅၀၈/၅၁၂ (၂ခ) ပထမထပ်၊ သရဖီကွန်ဒို

ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

အယ်ဒီတာချုပ်

ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ

မျိုးဇော်ထက် (ဖုန်း-၀၉၃၁၆၄၉၀၀၃)

အုပ်ချုပ်မှုအယ်ဒီတာ

ခင်မာရွှေ

အမှုဆောင်အယ်ဒီတာ

လင်းသက်ခိုင်

အယ်ဒီတာအဖွဲ့

ဉာဏ်လင်းထက်

ရုံးအဖွဲ့

ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ ရှိုင်းကိုကိုနိုင်၊ ဝေလင်း၊ အောင်ကို၊

ဖြူဖြူသင်း၊ ဝင်းဝင်းမော်၊ ဆုပြည့်။

Cover **သရုပ်ဖော်**

လူလူ

Computer

မင်းထွဋ်၊ နေဇင်လတ်၊ ဝင်းဝင်းမာ၊ အိဖြူ၊ ပိုပိုဇင်၊ မီမီဇင်၊

Film - Eagle

layout - Quality

ပုံနှိပ်သူ - ဦးကျော်ယဉ်(ဇမ္ဗူမော်)

အမှတ်(၂၈၄)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

စာအုပ်ချုပ် - တင်မေထွန်း

ကြော်ငြာတာဝန်ခံ

ခင်မာရွှေ

ဖြူဖြူသင်း

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃၊ ၀၉-၅၁-၂၂၅၃၀။

ထုတ်ဝေသူ- ဒေါ်ခင်မာရွှေ

ဆုပြည့်စုံထွန်းစာပေ၊ (၁၇၇၁)ယာယီ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၂၀၀ ကျပ်

စာတည်းအဖွဲ့နှင့် ဖြန့်ချီရေးရုံးခန်း

အမှတ် -၅၀၈/၅၁၂၊(၂ခ)ပထမထပ်၊ သရဖီကွန်ဒို

(ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်)

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃ (ရုံးချိန်အတွင်းသာ ဆက်သွယ်ပါရန်။)

http:/Quality.myanmaronlinesales.com

တွင် တိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှု ဝယ်ယူနိုင်ပါသည်။

အထက်မြန်မာပြည်ဖြန့်ချီရေး

နဂါးစာပေ ထွန်းဦးစာပေ

ဖုန်း -၀၂-၃၉၈၆၉ ဖုန်း -၀၂-၃၉၈၀၁

ရှမ်းပြည်နယ်ဖြန့်ချီရေး

မိဈ္ဈိမနာစာပေ ဂင်္ဂါနဒီစာပေ

တောင်ကြီးတွင် လပေးယူလိုသူများအတွက်

STUDENTS' CHOICE

မြို့နယ်ကျန်းမာရေးရုံးမျက်နှာချင်းဆိုင်၊ အရှေ့မြို့ပတ်လမ်း၊

ဒီဇင်ဘာဟိုတယ်၊ မြေညီထပ်၊ တောင်ကြီးမြို့။

ဖုန်း - ၀၈၁-၂၀၁၄၇၃

မော်လမြိုင်တွင် လပေးမှာယူလိုသူများအတွက်

ကျော်ကျော်စာပေ (အမှတ် ၁၁၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့)

လပေးမှာယူလိုသူများ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ပုံပြင်ကမ္ဘာ

ကလေးရုပ်စုံစာစောင်

အမှတ် (၄၃)၊ ဇန်နဝါရီလ၊ ၂၀၁၄ ခုနှစ်။

ပုံပြင်ထဲကလို...	ကာတွန်းရွှေလူ	၅
သူရဲကောင်းလေးများ	လူလူ	၁၅
ကြက်ခြေနီသားကောင်း	ဝဏ္ဏအောင်	၂၅
ဝုဏ်ရှိန်မောက်သောဘုရင်နှင့်ပညာရှိအမတ်	ထူးမမ(ပေါင်)	၄၃
ငနုံငအ	နန္ဒာမိုးကြယ်	၄၄
ဂဃာရှာသူကျွန်မလေး	မြတ်နိုး	၄၉
မိမိကိုယ်သာအားကိုးရာ	သန္တာမြတ်သောင်း	၆၃
မျက်ရည်ခုနစ်စက်ရေအိုင်	ခွန်းချိုသံသာ	၆၅
ဖြေနိုင်လျှင်စားပါ	နန္ဒာဘုန်းနွယ်(မြောင်းမြ)	၇၀
သစ္စာတန်ခိုး	ကာတွန်းဝင်းမြင့်အောင်	၇၃
အဘိုးအိုနှင့်ပန်းပျိုးသူ	ဖီဖီ(ဆေးဝါးတက္ကသိုလ်)	၈၅
သားတရားစီရင်ခြင်း	မောင်ရဲသူ(ရန်ကုန်တက္ကသိုလ်)	၈၉
သမင်တို့ရဲ့မာယာ	လင်းသက်ခိုင်	၉၉
ကျေးဖုးသိအပ်ပြန်လို့ဆပ်	ကျော်ဝင်းမောင်(ကျောက်မဲ)	၁၀၂
သဒ္ဒါနာနီး သဒ္ဒါ	လရိပ်မေ(သာပေါင်း)	၁၀၄
အထင်ကြီးသူ	သီဟဇော်(မြစ်ဝကျွန်းပေါ်)	၁၀၈

အယ်ဒီတာ့စကား

ကလေးတို့ရေ. . .

၂၀၁၄ ခုနှစ်ဟာ ကလေးတို့အတွက်ကောင်းမြတ်ခြင်းများစွာနဲ့ ပြည့်စုံတဲ့နှစ်တစ်နှစ်ဖြစ်ဖို့ ဆုတောင်းပါတယ်။ ဇန်နဝါရီလ ၄ ရက်နေ့ဟာ တို့မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးနေ့ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ အင်္ဂလိပ်လက်အောက် ရောက်ခဲ့တဲ့ မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့အတွက် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်ခဲ့ကြတယ်။ ဒီလို တိုင်းပြည် လွတ်လပ်ရေးရဖို့ အသီးသီးကြိုးပမ်းနေကြတဲ့ အဖွဲ့အစည်းလူပုဂ္ဂိုလ်အားလုံးကိုစုစည်းပြီး လွတ်လပ်ရေးရဖို့ သေချာအောင် လုပ်ဆောင်နိုင်ခဲ့သူကတော့ အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်း ဖြစ်ပါတယ်။

၁၉၄၈ ခု ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ ၂၀ မိနစ်မှာ အင်္ဂလိပ်အလံကို ဖြုတ်ချပြီး တို့မြန်မာအလံကို လွှင့်တင်တဲ့ အခမ်းအနားမှာ ဦးအောင်ဆန်းတစ်ယောက် မပါဝင်နိုင်ခဲ့ပါဘူး။ ၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက်နေ့မှာ ဦးအောင်ဆန်းနဲ့အတူ နိုင်ငံခေါင်းဆောင်တော်တော်များများ လုပ်ကြံခံရပြီး ကွယ်လွန်သွားခဲ့တာကြောင့် ဖြစ်ပါတယ်။

ဒီလုပ်ကြံမှုဟာ မြန်မာပြည်သမိုင်းမှာ အရှက်ရစရာအကောင်းဆုံး လုပ်ကြံမှုပါ။ ဦးအောင်ဆန်းလို တိုင်းပြည်အပေါ်ကို စေတနာအပြည့်ထားပြီး ကိုယ်ကျိုးလုံးဝမကြည့်တဲ့ ခေါင်းဆောင်တစ်ယောက် လုပ်ကြံခံရတဲ့တိုင်းပြည်၊ ကိုယ်ကျိုးစီးပွားအပြည့်အဝရယူပြီး ဆွေစဉ်မျိုးဆက်သုံးဖြုန်းမကုန်အောင် နိုင်ငံကနေ ခိုးယူတဲ့ ခေါင်းဆောင်တွေ နှစ်ပေါင်းများစွာ ရပ်တည်နေနိုင်တဲ့တိုင်းပြည်ဟာ ရှက်ဖို့ကောင်းပါတယ်။

မကြာခင် နှစ်များအတွင်း ကမ္ဘာ့အလယ်မှာ တင့်တယ်တဲ့၊ မြန်မာ့ကောင်းကျိုး ရွက်ဆောင်မယ့်၊ ကလေးတို့အတွက် စံပြုစရာဂုဏ်ယူစရာခေါင်းဆောင်ကောင်းတွေမြန်မာနိုင်ငံမှာခေါင်းဆောင်ခွင့်ရကြပါစေကြောင်း ၂၀၁၄နှစ်ဦးဆုတောင်းအဖြစ် ပုံပြင်ကမ္ဘာ ရုပ်စုံစာစောင်က ဆုတောင်းလိုက်ပါတယ်။

အယ်ဒီတာအဖွဲ့

ပုံပြင်ထဲကလို...
တစ်ခါတုန်းက.. ရွာတစ်ရွာမှာ..'ကိုသာအေး' ဆိုတာရှိသတဲ့.. ကိုသာအေးမှာ..'ခွေးခွေး' နဲ့ 'သင်းသင်း' ဆိုတဲ့ သမီးလေး နှစ်ယောက်.. ရှိသတဲ့ကွယ်..
တစ်ကို စိတ်ထဲမှာ..မှတ် လက်သုံးချောင်း ထောင်..
တစ်နေ့ကျတော့..သူတို့အိမ်ကို အကြီးဖြစ်သူက..ဧည့်သည်ရောက် လာသတဲ့..
ဟေ့ကောင် သာအေး..
ဟာ.. အကြီး..

ကိုသာအေးဟာ.. ဘကြီးဖြစ်သူကို ခရီးရောက်မဆိုက် ဆိုသပါပဲ။
ဘကြီးကို ကြွားရဦးမယ် ဗျ။
ဘာများတုန်း သာအေးရ။
တစ်ခြားမဟုတ်ဘူး အဘရေ.. ။ သမီး တို့နှစ်ယောက်စလုံး စာမေးပွဲကို ဂုဏ်ထူးနဲ့အောင်တဲ့ အကြောင်း.. ကြွားမလို့.. အဘရေ..
ဟုတ်တယ်.. ဘကြီးရ ကျွန်တော့်သမီးတွေ ကလေ.. တကယ်လည်း တော်..
ဂုဏ်ရည်ကလည်း..ချော ဆိုတော့..တစ်ရွာလုံးက.. ချီးကျူးနေကြတာ ဘကြီးရ..


ကြောက်လို့ပြောတာ မဟုတ်ဘူး။ အဘရေ ကျွန်တော့်သမီးတွေက 'ကတော်ရုပ်' တွေဗျ။
အမယ်လေးတော့ လုပ်ပြီ။
အင်း။ မိဘဆိုတာ တော့။ ကိုယ့်သားသမီး ကောင်းစားတာကို မြင်ချင်ကြတာ သဘာဝ ပဲလေ။
ဒါပေမဲ့။ အစားကိုသာ ကျန်အောင်စားရတယ်။ သာအေးရဲ့ စကားကို ကျန်အောင် မပြောရဘူးကွ။
တော်ကြာ။ မင်း ပြောသလို ဖြစ်မလာရင် မခက်လား။ သာအေးရဲ့။
လာပါတယ် အဘရေ။


အဖေက..တွေ့သမျှ လူတွေကို..အဲဒီလိုပြောလျှက် ပြောနေတော့..သမီးတို့က အနေခက်တာပေါ့.. အဘရဲ့။
ဘကြီးကျောက်တုန်း အဖေ့ကို ကြည့်ပြောသွား ပြီး..အဘရယ်။
ချိုမြ..
အင်း..မင်းအဖေက သူများကောက်တဲ့အကြောင်း ပြောချင်းနဲ့။
ကိုယ်ချက်တာ..ရှာသိကျွန်တဲ့ ဟို..ပုံပြင်လေးလိုတော့ ဖြစ်နေပြီ..သာအေးရဲ့။


ဘယ်ပုံပြင်လဲဟင် သမီးတို့လည်း..မဟုတ်သေးတာ ရအောင် ပြောပြပါဦး အဘရဲ့..
အေး.. ပြောပြမယ်.. နားထောင်
တစ်ခါတုန်းက ရွာတစ်ရွာမှာ..မိန်းမမရှိပဲ သမီးနှစ်ယောက်ဖအေ မုဆိုးဖိုကြီး..ရှိတယ် တဲ့..
အင်..
အဲဒီ..မုဆိုးဖိုကြီးကလည်း သူ့သမီးနှစ်ယောက်ကို.. အမြဲပဲ..ချီးမွမ်းခန်းဖွင့်တတ်တယ် သတဲ့..
အဖေ့လိုပဲ ပေါ့နော်.. ဟီး..

တစ်နေ့ကျတော့.. သူတို့သားအမ တစ်တွေဟာ.. တောထဲကို ထင်းရှာ.. ဟင်းစားရှာ.. ထွက်လာခဲ့သတဲ့..
အဲ့.. တစ်နေရာရောက်တော့..
သမီးတို့ရေ.. ဒီမှာ..လာကြည့်စမ်း ဟေ့..
သမီးတို့ကို.. အမေးခွန်းတာ..ပြောပါမီ.. ဟောဒီ..မျှစ်ရိုးလေးတွေကို ကြည့်စမ်း..
မျှစ်ရိုးများ အရေးအခွန်းလည်လို့ မာပေရယ်.. အမြဲတွေနံနဲ့ကြပါကို..
ဟုတ်ပါ..

အမြဲတွေ့နေရတာတော့ ဟုတ်တယ်လေ.. သမီးရယ် ဒါပေမဲ့.. ဒီမြှစ်ရိုးလေးတွေရဲ့ စားဆိုင်းတဲ့အကြောင်းကို အခုမှ တွေးမိလို့ကွယ်..
မြှစ်ရိုးတွေက ဘယ်လိုဆေးဆိုင်းလို့လဲ အဖေရဲ့..
ဒီလိုလေ.. သမီးရဲ့ မြှစ်ရိုးတွေက နူးညံ့ပေမယ့်..
မာကျောတဲ့ မြေကြီးကိုဖောက် ထိုးပြီး ထွက်လာနိုင်ကြတယ်.. မဟုတ်လား..
ဟဲ..ဟဲ ငါကွ..
အဲဒါ.. ဘာဟုတ်သေးလဲ အဖေရဲ့.. မြှစ်တွေထက်.. ပျော့တဲ့ မှိုတွေကရော.. ပို ဆေးဆိုင်းတာ..
ဟေ..! မှိုတွေက..ဘယ်လို ဆေးဆိုင်းကလဲ သမီးငယ်ရဲ့..

မှိုတွေဆိုရင် မျှစ်တွေလိုမျိုး..ထိပ်ချွန်ချွန် လည်း..မရှိဘူး..။ အခွံမာလည်း မရှိဘူး။
ဒါပေမဲ့..သူတို့လည်း မျှစ်တွေလိုမျိုး.. မြေကြီးထဲက..ထိုးထွက် လာနိုင်ကြတာပဲလေ။
အင်း..သမီးငယ် ပြောတာလည်း ဟုတ်တာပဲ။
ငါ့သမီးငယ်က.. တော်လိုက်တာကွယ်.. အဖေတောင်..အဲဒီလို မစဉ်းစားဖြစ်ဘူး.. ဟဲ..ဟဲ..

ဟဲ..နောက်တစ်နေရာ ရောက်ပြန်တော့လည်း..
ဟာ.. ကြိုးကြာငှက် တွေ..ပါလား..
ကြိုးကြာငှက်တွေများ လည်ပင်းရှည်သလောက် အသံကတော့..တယ်သာ တာပဲနော်..
သာရိကာငှက်တွေ အသံသာတာများ.. ဘာဆန်းလို့လဲ..အဖေရဲ့..
သမီးတို့ရွာက 'ဦးပေါ်ဦး' ဆို.. သက်မဲ့တွေကိုတောင် အသံသာအောင်..လုပ်နိုင်တာ အဖေရ..
ဟေ.. ဟုတ်လား..

ဦးပေါ်ဦးက.. အသက်မဲ့တဲ့..တူရိယာတွေကို သာယာနာပျော်ဖွယ်အသံ ထွက်အောင်..တီးခတ်နိုင်တဲ့
ဆိုင်းဆရာ ကြီးပဲလေ.. အဖေရဲ့..
ဒါလည်း ဟုတ်တာပဲ သမီးရဲ့.. ဟဲ..ဟဲ
ဒါလည်း ဟုတ်တာပဲ လည်ဖေနှုန်း.. အဖေရဲ့...
သမီးတွေတော်တာ အီးမွှေးဖှမ်းရှင်နဲ့..အဖေညံ့တာ လူတွေသိကုန်ပြီ.. အဖေရဲ့..ဟွန့်..
ဟေ..ဟုတ်လား ဟား..ဟား..ဟား ဒါလည်း..ဟုတ်တာပဲ သမီးရဲ့..
ပုံပြင်လေးကတော့ ဒါပါပဲကွ.. မင်းလည်း ပုံပြင်ထဲကလို မဖြစ်စေနဲ့ကွ..
ဟီး..
ပြီး

Nutroplex®
သင်္ချာ ထူးချွန်
အားကစား ထူးချွန်
ပန်းချီ ထူးချွန်
စာပေ ထူးချွန်
မေမေ့ IRON MAN က
ဘာမဆိုလုပ်နိုင်တယ်...
နယူထရိုပလက်(စ်) မှာ ဉာဏ်စွမ်းထက်စေတဲ့ သံဓာတ်အပြင် လိုင်စင်းဓာတ်၊ ဗီတာမင်ဓာတ်တွေနဲ့ သတ္တုဓာတ်တွေ ပါဝင်တာကြောင့် ဘက်စုံထူးချွန်သူတစ်ဦး ဖြစ်လာမှာ အမှန်တကယ်ပါ။
လိုင်စင်း ဓာတ်
သံဓာတ်
120 mL
For Appetite and Growth
Nutroplex
LIQUID
with IRON and LYSINE*
MULTIVITAMINS
MINERALS
60 mL
For Appetite and Growth
Nutroplex
LIQUID
with IRON and LYSINE*
MULTIVITAMINS
MINERALS
UNITED PHARMA
Serving Your Healthcare Needs
သန်စွမ်းထက်မြက် အနာဂတ်အတွက် အကောင်းဆုံး နယူထရိုပလက်(စ်)

Apple News Stand **တွင်**
အောက်ပါ မဂ္ဂဇင်းစာအုပ်များအား
i-pad Version **ဖြင့် ဝယ်ယူရရှိနိုင်ပါပြီ။**

Android Version - apk Software **ဖြင့်လည်း**
Online **ပေါ်တွင် မကြာမီ ဝယ်ယူရရှိနိုင်မည် ဖြစ်ပါသည်။**

www.Qualitymyanmaronlinesales.com
တွင်လည်း ဝင်ရောက်ကြည့်ရှုဝယ်ယူနိုင်ပါသည်

Quality Publishing House

ဆုပြည့်စုံထွန်းစာပေ

အမှတ် – ၅၀၈/၅၁၂ (၂–ခ)၊ ပထမထပ်၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃။

သူ့ရဲ့ကောင်းလေးများ
လူလူ
သမီးလေးရယ်..အိပ်ပါကွယ်
ဖေဖေ...ပုံပြောမယ်... ...
စားဖွယ်ပေါတဲ့အရပ်မှာကွယ့်
မောင်သူရ..နေသတဲ့.... .....


မောင်သူရလေး..
အရွယ်ရောက်လာ....
အမေ့ထံ...ခွင့်ပန်ကာ..
ဆွေမျိုးရှာဘို့..
ဤမြေတစ်လွှား
သူစွန့်စားလို့သွား.


လမ်းမှာတွေ့တဲ့အဖိုးအို..
ရေငတ်နေရှာသကို... ...
ရေချိုတိုက်လို့..သူရပေး...
အဖိုးက..လမ်းညွှန်သလေး..

အရှေ့ဘက်က..တောင်ပေါ်မှာ
အိုက်ကော် ရှမ်းမြေပါ...
မြောက်ကိုလာတော့
တွေ့ပြန်သေး..ဇော်ဂန်း
ကချင်လေး... ....

အနောက်ဆီသို့ .. ဆီးလို့မျှော် ချင်းလေး .. ဝမ်းသုပေါ် ...
တောင်ဘက်ကျွန်းပေါ် မြစ်ဝဘေး .... ကရင်မ..နော်မုလေး

မောင်သူရကို..ခင်ကြတာ ကျေးမွေးပြုစုကာ ... .
သူ့အိမ်သူ့ယာ ပြန်ပါရော ရန်သူတွေ့ပါပကော ... ..


မျက်နှာဖြူ.. ဝါ..လူရိုင်းတွေ
အိမ်ကို..လုယက်နေ.. .....
လာကြပါပြီ..သူခေါ်လိုက်
အားလုံး..လာလို့.. ဝိုင်း ...

သူတို့..ဝိုင်းလို့...
ပြေးပြီဟေ့....
လူရိုင်း...ခါးပြတွေ
သွေးစည်းတယ်လေ...
တို့အင်အား...   .....
တောင်ပေါ်..မြေပြန့်သား


မောင်သူရတို့..အောင်ပွဲဆင်
ရှမ်းရော...ချင်း...ကချင် .. ....
ရခိုင်..ကရင်..မွန်..ကယား
အဲဒါ..တို့..သွေးသား ...

မင်းလိုက်ရှာတဲ့..
ဆွေမျိုးဟာ....
သူတို့အားလုံးပါ ...
ဖေဖေ ..ပြောတာ..မှတ်ပါဟေ့
တိုးလို့ ..ချစ်ကြပေ ..ဟေ့
တိုးလို့..ချစ်ကြပေ ... ...


ဖန်တီး
ဝဏ္ဏအောင်
ကြက်ခြေနီ
သားကောင်း
အချိန်ကား ခွန်းပဒ်မ်းနှစ်နှစ်က . နေသည်တွင်း လင်းစွာတောက်ပလျက် . ကချင်ပြည်နယ် မြစ်ကြီးနားဆေးဖြစ်၍ အလွန်ချမ်းအေးလျက်ရှိသည်။ ထိုအချိန်တွင် ကူးတို့ဆိပ်သို့ စစ်ကားကြီးတစ်စင်း ဆိုက်ရောက်လာသည်။ ။
ကူးတို့ဆိပ်ကား ခတ်ချိရွာ၏ ကူးတို့ဆိပ်၊ ခတ်ချိရွာက ဝိုင်းမော်မြို့နှင့်လေးမိုင်ခန့်ကွာသည်။ ။...
ထိုရွာနှင့် ထိုမြို့သည် ဧရာဝတီမြစ် ၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ ။.

ရေဝတီဖြစ် အနောက်ဘက်ကမ်းမှာ မြစ်ကြီးနားဖို့ရှိပြီး.. သွားလိုပါက ရေးတို့ဆိပ်မှ ဖေါင်ဖြင့် ကူးကြရသည်။ စစ်ကားကြီးသည် မြစ်ကြီးနားဘက် သွားမည်ဖြစ်၍ ရဲဘော်များ ကားပေါ်မှ ဆင်းပြီး ယာဉ်မောင်း နှင့် စက်ပြင်ရဲဘော်သာ ရှေ့ခန်းတွင် ထိုင်ပြီး ဖေါင်ပေါ်သို့ ကားကိုတင်ရန် စီစဉ်ကြသည်။ ။...





ရဲဘော် ခင်မောင်အေးမှာ ကားထဲမှ ထွက်ရန် အမျိုးမျိုး ကြိုးစားသော်လည်း မရ-
ရေအောက် ပေ ၂၀ တွင် ပက်လက်လန်နေသော ကားကြီးကိုသာ မြင်နေရသည်။



ထိုအခိုက် လှေငယ်ကျောင်းသားတစ်ယောက် စက်ဘီးကို အပြင်းစီးလျှက် ရောက်
ရှိလာပြီး ကယ်သူမဲ့ ရဲဘော်အဖြစ်ကို ကရုဏာသက်ဝင်ကာ ကယ်ဆယ်ရန်
ဆုံးဖြတ်လိုက်ပြီး. အင်္ကျီ လုံချည်တို့ကို ချွတ်၍ ရေထဲဆင်းရန် ဟန်ပြင်လေရာ...
ဖယ့်.ဖယ့်.. မြစ်ရေကလည်း အေး ရေစီးကလည်း သန်နဲ့ မင်း အကူရောက်သွား မှာပေါ့
အန္တရာယ် များပါတယ်ကွာ မင်းကယ်လည်း မထူးပါဘူး
ခုလောက်ဆို ဟို ရဲဘော်က ရေ အောက်မှာ အသက် တောင် ရှိပါ့မလား မသိ.
မည်သို့ မည်ပုံ ပြောဆို တားမြစ်ကြစေသော်လည်း
လှေငယ်က မရှု၊ ရေထဲ ထိုးဆင်းသွားလေသည်။ ။...


သူကား ရှမ်းလူမျိုးလေး - ၁၀ - တန်း ကျောင်းသား - အသက် (၂၀) ဝန်းကျင် နာမည်က စိုင်းအောင်လှိုင်ဖြင့်... မြစ်ကြီးနားတွင် နေထိုင်ပြီး - အဒေါ် ဖြစ်သူက ခတ်ချိုရွာသို့ ခိုင်းစေလိုက် သဖြင့် အခုလို ဆုံဆည်းကာ ကူညီ နိုင်ခြင်း ဖြစ်သည်။ ။...
အမှန်လည်း ရေစီး ကသန်သလို ရေက လည်း ရေခဲရေတမျှ အေးမြနေ၏ ရေစီး သန်ချက်က ပက် လက်နေသောကား ကြီးပင် ရွေ့လျားစပြု နေပြီ။...
ရေအောက် ကားရှေ့ခန်းဘက်သို့ ကူးခတ်လာပြီး ခြေတစ်ပက်ဖြင့် ထိုးခမ်းရှာဖွေကြည့်သည်။
ရဲဘော်ကို မတွေ့တဖြည်း ဖြည်း အသက်ရှုကျပ်လာ သည်။ နားများအူလာသည်
သို့ဖြင့် ရေပေါ်သို့ ပြန်တက်ကာ အ သက်ဝအောင် ရှု ရပြန်သည်။ ။...


နောက် ဒုတိယအကြိမ် ရေအောက်ငုပ်ပြန်သည်။ ရှေးနည်းအတိုင်း ကားရှေ့ခန်းကို ခြေတစ်ဖက် ထိုးသွင်း ရှာဖွေပြန်ရာ...
ဟော... တွေ့ပြီ...
ဟာ... သတိမေ့နေပါလား...
ကားထဲမှ ရဲဘော်ကို ခက်ခဲစွာ ထုတ်ယူပြီး ရေပေါ်သို့ ပြန်တက်လာခဲ့သည်။
ယခုလို အေးမြသောရေထဲတွင် နှစ်ကြိမ်တိုင်ရေငုပ်ခဲ့ရသဖြင့် လည်း မောဟိုက်ပြီးလက်ပမ်းကျလာသည်။...
သူသည်ယခင်က ဒဏ်ရာများ ရောဂါ ရဖူးခဲ့ပြီး ယခုလည်း ရောဂါမှ နလံထူခါစ ပျောက်သည်မှာ မကြာသေးသဖြင့် အားနည်းနေရာ...
ကံအားလျော်စွာ ဖေါင်ပေါ်မှ လူများက ကြိုးလျှော် ပစ်ပေးသဖြင့် ထိုကြိုးကိုဆွဲကာ ကူးလာနိုင်ခဲ့သည်။


ဖေါင်နားရောက်သော် လူများက ရဲဘော်ကို ဆွဲတင်ကြသည်။ မေ့မြောနေသော ရဲဘော်ကိုသာ ဝိုင်းဂရုစိုက်နေကြပြီး လက်ပမ်းကျနေသော စိုင်းဆောင်လှိုင် မြင့်ကိုမူ ဂရုမပြုမိကြ..
သူလည်း အားတင်းကာ အနိုင်နိုင် ကြိုးစားပြီး ကူယက်လာခဲ့ရသည်။ ကမ်းပေါ်ရောက်တော့ အသက်ကောင်း စွာပင် မရှူနိုင်အောင် မောပမ်းနေပြီ.
ဒိုးဘော်..အာဗေ မပြေနိုင်သေး.... ရဲဘော်ရှိရာ ပြေး သွားပြီး...
ဖယ်ပေးကြပါ. ဖယ်ပေးကြပါ.. ကျွန်တော် ကြက်ခြေနီ တပ်ဖွဲ့ဝင် တစ်ယောက်ပါ. လူနာကို ကျွန်တော် ပြုစုပါရစေ..
စိုင်းဆောင်လှိုင် မြင့်က ၁၉၈၂. ခုနှစ်ကပင် ကျောင်းကြက် ခြေနီတပ်ဖွဲ့ကို ဝင်ထားသူဖြစ် သည်။...


ထို့ကြောင့် ရေနစ်နေသူ ရဲဘော်အား ရှေးဦးသူနာပြုစုနည်း မျိုးစုံ ဖြင့် ပြုစုသည်။ လူနာကို ရေအောက်မှ ခဲရာခဲဆစ် ကယ်ဆယ်ခဲ့ရသလို မြေပေါ်တွင်လည်း ကြိုးစားပမ်းစား ကယ်ဆယ်ရပြန်သည်။ ...
ပါးစပ်ထဲမှ ရေများ အန်ကျလာသည်။ အန်ဖတ်များလည်း ပါသည်။ ခေဒိုမှ မစင်ခိုင်းများပင် ထွက်ကျလာသည်။ ပါးစပ်ချင်းတေ့ကာ အဆုတ်အတွင်း လေမှုတ်သွင်းနည်းဖြင့် အသက်ရှူလာအောင်ကြိုးစားရပြန်သည်။ လူနာကား သတိမရသေး အသက်မျှင်းမျှင်းတော့ ရှူလာသည်။ ...
လူနာကို ဆေးရုံအမြန်ပို့ပို့ စီစဉ်ကြပါ... ခင်ဗျာ...


ရဲဘော်တင်ရွှေ နှင့် အခြားရဲဘော် တစ်ဦးအကူ အညီဖြင့် လေးမိုင်ခန့် ဝေးသည့် မိုင်းဖော်ဆေးရုံ သို့ လိမ္မော်သီးများ တင်လာသည့် ကုန်ကားကြီး ကို အကူအညီတောင်းကာ သွားရသည်။...
လမ်းတလျှောက် မိုင်းဆောင်ရှိုင်ဖြင့် သည် လူနာကို ပြုစုလာခဲ့သော်လည်း ရဲဘော်လူနာမှာ ဘယ်သူဘယ်ဝါမှန်း မသိ။ နောက်မှ ရဲဘော်ခင်မောင်အေး ဖြစ်ကြောင်းသိရသည်။...
ကုန်ကားကြီးမှာတုန့်နှေးနှေး ဖြစ်နေ သဖြင့် လမ်းတွင် ဂျစ်ကားတစ်စီးကို အကူအညီ တောင်းကာ ပြောင်းစီးခဲ့ ရပြန်သည်။
ဆေးရုံသို့လေးနာရီ ကျော်ကျော်မှ ရောက် သွားကြသည်။...

လူနာကို ဆေးရုံသို့ တင်ပို့ခဲ့ပြီး ဒေါက်တာ၊ ဆရာမ များနှင့် တပ်မတော်မှ တာဝန်ရှိ သူများထံ အပ်နှံကာ စိတ်ချရမှ ခတ်ချိုကျေးတို့ အိမ်သို့ ကားဖြင့်ပြန်လာခဲ့သည်။ ။...

အချိန်က ၅း၀၀ နာရီခန့် ရှိပြီ။ ဆောင်းရာသီ ဖြစ်၍ နေဝင်စ ပြုပြီ.. အအေးဓာတ် ကလည်း အကဲပိုလာသည်။ ခိုင်းအောင်လှိုင်မြင့်မှာ ရေစိုဘောင်းဘီတို.စွပ် ကျယ် လက်ပြတ် နှင့် ခိုက်ခိုက်တုန်အောင် ချမ်းအေးလျှက်.. ကိုယ်လက်များ ကိုက်ခဲလာကာ အဖျားဝင်စ ပြုပြီ...




တစ်ဖက်ကမ်းသို့ ရောက်သောအခါ ခြောက်မိုင်ခန့် ဝေးသော မြစ်ကြီးနားမြို့သို့ စက်ဘီးစီး ပြန်ခဲ့ရသည်။
သူ့နေထိုင်ရာအ ဆောင်အိပ်ဆောင် ရောက်တော့ ည. ၁၀:၀၀ နာရီခန့်... အား အင်တို့ ကုန်ခမ်း နေပြီ... အဖျား ချွေးသည်းဝင်လာ ပြီ... ထို့ကြောင့်
စက်ဘီးပေါ်မှ သတိ သည်နှင့် လဲကျသွား ပြီး အပြင်းဖျားရာ အိပ်ရာထဲ တစ်ပတ် ခန့် လဲတော့သည်။..


အဖျားပျောက်မှ ဖြစ်ပျက်ပုံအလုံးစုံကို ကြက်ခြေနီ တပ်ခွဲမှူးထံ အစီရင်ခံစာ ရေး၍ တင်ပြရာ တပ်ခွဲမှူးက တပ်မံ စုံစမ်းပြီး မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း ချုပ်သို့ တင်ပြသည်။ ၁...
ရှိင်းကိုလေ့သ်း တပ်ကြပ် အသင့်မှ တပ်ကြပ်ကြီးအသင့်သို့ တိုးမြှင့် ပေးလိုက်ပြီး ကမ္ဘာ့ကြက်ခြေနီ အသင်းသို့ တင်ပြရာ..အသင်းကြီး က ထူးခြားမွန်မြတ်သော စွမ်း ဆောင်မှုအတွက်..
ကမ္ဘာ ကြက်ခြေနီ ဆုတံဆိပ်တွင် အမြင့်ဆုံး ဖြစ်သည့် ဟင်နရီဒူးနန့် ဆုတံဆိပ်ကို ချီးမြှင့် လိုက်သည်။ ထို ဆုတံဆိပ်မှာ ကြက်ခြေနီဖခင် ကြီး၏နာမည်ကို ဂုဏ်ပြု မှည့်ခေါ်ထားသော ဆု ဖြစ်ပြီး၁.


သူတစ်ပါးအကျိုးကို ကိုယ်ကျိုးစွန့်ကာ သက်စွန့်ကြိုးပမ်းဆောင်ရွက် သူများအား လူမျိုးဘာသာ အသင်းအတန်းမရွေး ပေးအပ်သောဆုဖြစ်သည်။
ထိုဆုကို ၁၉၇၇-၃ စက်တင်ဘာလတွင် ရုမေးနီးယား ဆိုရှယ်လစ်သမ္မတ နိုင်ငံ ဘူခါရက် မြို့၌ ကျင်းပသော ၂၃-ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီညီလာခံတွင် ပေးအပ်ခဲ့သည်။ ။...
၁၉၆၉ - မှစတင်ချီးမြှင့်ခဲ့ရာ ၁၉၇၇-အထိ ပုဂ္ဂိုလ် (၁၃) ဦးကိုသာ ပေးအပ်ချီးမြှင့်ခဲ့ပြီး ခိုင်းအောင်လှိုင်မြင့် မှာ အငယ်ဆုံး ဖြစ်သည်။ ။...

ခိုင်း ကယ်တင်ခဲ့သော ဂျဲဆော်ဒ် ခင်မောင်အေးမှာ နောက်တစ်နေ့ တွင် သတိပြန်ရပြီး အေးချမ်းသင်းသောအခါ မိမိအသက် ကယ်ခဲ့သူ ခိုင်းအောင်လှိုင်ဖြင့်ကို လိုက်လံရှာဖွေခဲ့ရာ - ခိုင်း ခရီးထွက်နေသဖြင့် လေ့ဉ်းကောင်း ၆....
တစ်ဖန် ဂျဲဆော်မှာလည်း ရှေ့တန်းစစ်မျက်နှာ ထွက်ရပြန်သဖြင့် မဆုံတွေ့ခဲ့ကြပေ...
ခိုင်းအောင်လှိုင်ဖြင့် ဟင်နရီဒူးနန့် ဒုတံဆိပ် ရရှိကြောင်း ကြေညာ ချက် ပေါ်ထွက်လာပြီး ၅ ဆုံတွေ့ကြရသည်။ အသက်သခင်ကျေးရှုး ရှင်ကို ကျေးရှုးတင်ကြောင်း ဆိုပြီး တတ်နိုင်သမျှလေး နှင့် ကျေးရှုးဆပ်ရှာသည်။

စိုင်းအောင်လှိုင်မြင့်ကား ၁၉၅၆.ခုတွင် မွေးဖွားကာ ရဲဘော်သင်ယောင်အေး အသက်ကို ကာယကံတင်ချိန်တွင် အသက်(၂၀)အရွယ်မျှသာ ရှိသေးသည်။ စိုင်းသည် မြစ်ကြီးနား မြို့မှ ၄၈ မိုင်ကွာဝေးသော ခေါင်ပုံးရွာ ဇာတိ...
မိဘနှစ်ပါးမှာ ရှမ်းလူမျိုးများဖြစ်၍ တောင်သူများဖြစ်သည့် ဦးထင်မောင် ဒေါ်မယ်ခ တို့မှ မွေးဖွားသည်။ ဒေါ်မယ်ခသည် စိုင်းကို မွေးပြီး ၁၀.ရက်ကြာတွင် ကွယ်လွန်ခဲ့လေရာ အဘိုးအဘွား တို့လက်တွင် ကြီးပြင်းလာခဲ့ရသည်။
အရွယ်ရောက်သော် ရှမ်းဘုန်းတော်ကြီးကျောင်း၌ စာ စသင်ခဲ့ပြီး တာလောကြီးရွာ အလယ်တန်း ကျောင်းတွင် ခုနစ်တန်းအထိ ပညာသင်ခဲ့သည်။..


ထို့နောက် မြစ်ကြီးနား အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ စာသင်လေရာ အားလပ်ချိန်များတွင် လယ်ကူ ခြံကူ ၊ တညင်းပင် အမှားတက်ခြင်း၊ ဆိပ်ကမ်း၌ ကုန်ထမ်းခြင်းတို့ကိုလုပ်ရင်း ကျောင်းစရိတ် ရှာဖွေခဲ့ရသည်။
ထိုကဲ့သို့ အလုပ်တစ်ဖက်ဖြင့် ပညာဆည်းပူးနေစဉ် သူတစ်ပါး အသက်ကိုစွန့်စား ကယ်ခဲ့ခြင်း ဖြစ်သည်။
ထို့နောက်မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၌ နေ့စားအကူ စာရေးအလုပ်ကိုလုပ်ရင်း အခြေခံပညာ အထက်တန်းစာမေးပွဲ ဖြေရန် ကြိုးစားခဲ့သည်။ ၊...
မြန်မာနိုင်ငံ ကြက်ခြေနီအသင်း
1959
ပန်းချီ
မိုင်းခေါင်ရှိုင်မြင့်ကား သူ့အသက်ကို ကယ်တင် ခြင်းတည်းဟူသော အမွန်မြတ်ဆုံးအလုပ်ကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သော ရှားမှရှားသော လူငယ်တစ်ဦးပင် ဖြစ်ပေသည်တကား။ ။-

ဂုဏ်ရှိန်မောက်သောဘုရင်နှင့် ပညာရှိအမတ်

ထူးမမ(ပေါင်)



ရှေးသရောအခါက တိုင်းပြည်တစ်ပြည်ရှိ ဘုရင်ကြီးတစ်ပါးထံတွင် ဉာဏ်ပညာအရာ၌ ထင်ရှားကျော်ဇောသောပညာရှိအမတ်ကြီးတစ်ဦးရှိလေသည်။တစ်နေ့ ညီလာခံတွင် မှူးမတ်ဗိုလ်ပါစုံလင်သောအခါ ဘုရင်ကြီးက ထိုအမတ်အား. . .

"လောက၌ မည်သည့်အရာသည် အရေးကြီးဆုံးဖြစ်သနည်း"

ဟု မေးတော်မူ၏။

"အရှင်မင်းမြတ်၊ လောက၌ ကံတရားသာ အရေးကြီးဆုံးဖြစ်ပါသည်။ ကံကြီးသူကို မည်သူကမှ ကျော်လွှား၍မရပါ။ လောကတွင် လူတို့သည် ကံကြောင့်ပင် ကြွယ်ဝချမ်းသာကြပြီး ကံနည်းသူတို့မှာမူ ချို့ငဲ့ဆင်းရဲကြပါသည်။ အရှင်မင်းမြတ်သည်လည်း ကံကြောင့်သာလျှင် ယခုကဲ့သို့ ရွှေစည်းစိမ်ကို ခံစားနေရသည်မဟုတ်ပါလော။ ထို့ကြောင့် လောကတွင် ကံသည်သာ အရေးကြီးဆုံးဟု အကျွန်ုပ်ဖြေဆိုရခြင်းဖြစ်ပါသည်"

ဟု ပြန်လည်လျှောက်တင်လေသည်။

ဘုရင်ကြီးသည် အမတ်ကြီး၏လျှောက်တင်ချက်ကို သဘောတော်မတွေ့ဘဲနေ၏။ မိမိဘုရင်ဖြစ်ရသည်မှာ ကံကြောင့် ဆိုခြင်းကို လက်မခံလိုပေ။ မိမိရွှေနန်းစည်းစိမ်ကိုရသည်မှာ မိမိ၏ထက်မြက်သော ပညာစွမ်း၊ ရဲရင့်သောသတ္တိစွမ်းကြောင့် ဖြစ်သည်ဟု မှတ်ယူထားသည့်အတွက် အမတ်ကြီး၏အဖြေစကားကို မည်သို့မျှ မကျေနပ်နိုင်ပါချေ။ သို့ဖြစ်၍–

"ကောင်းပြီအမတ်ကြီး၊ သင်၏ အမတ်ရာထူးကို ငါကိုယ်တော်မြတ်ပေးပါလျက်၊ သင်က ကံပေး၍ရသည်ဟု ထင်မှတ်ချေသည်မဟုတ်လော။ ယခု သင့်အား အမတ်ရာထူးမှ ပယ်ချပေအံ့၊ သင်သည် ယနေ့ကစပြီး နန်းတော်သို့ အဝင်အထွက် မပြုရတော့ပြီ"

ဟု အမိန့်တော်ချမှတ်လိုက်လေတော့သည်။

အမတ်ကြီးလည်း မည်သို့မျှ လျှောက်တင်ခြင်းမပြုတော့ဘဲ ဘုရင်ကြီးအား အရိုအသေပြုကာ နန်းတွင်းမှ ထွက်ခဲ့လေသည်။

. . .

ဘုရင်ကြီးသည် နှစ်စဉ်နှစ်တိုင်း သူ့မွေးနေ့တွင် အလှူဒါနအကြီးအကျယ်ပြုလေ့ရှိသည်။ ယခုနှစ်ကျင်းပမည့်မွေးနေ့အလှူပွဲတွင် လျှို့ဝှက်လက်ဆောင်များ ထည့်သွင်းရန် စီစဉ်ထား၏။ ထို့ကြောင့် မင်းကြီးသည် ရွှေဖရုံသီးအလုံးကြီးကြီးထွားထွား ၁၀ လုံး၏ အတွင်းရှိအသားနှင့် အူတိုင်တို့ကို ထုတ်ယူစေပြီး ထိုရွှေဖရုံသီးကြီးများထဲ၌ ရွှေဒင်္ဂါးများ အပြည့်ထည့်သိပ်စေသည်။ ထို့နောက် ဟန်မပျက် ပကတိအတိုင်းဖြစ်အောင် ပြန်၍ပိတ်ထားစေသည်။

ယင်းသို့ စီမံထားသည်ကို အထူးလျှို့ဝှက်ထားကြရန် မင်းချင်းတို့အား မိန့်မှာထားသည်။ အလှူတော်ရက်သို့ရောက်သောအခါ လာသမျှပရိသတ်တို့အား စားဖွယ်သောက်ဖွယ်တို့ဖြင့် ဒါနပြုကျွေးမွေး၏။ ပြီးလျှင် ရွှေဖရုံသီး ၁၀ လုံးအား လာသမျှပရိသတ်ထဲမှ အိုမင်းမစွမ်းရှိသူတို့ထံ ဝေငှလိုက်လေ၏။

အိုမင်းမစွမ်းရှိသူတို့သည် ဘုရင်ကြီးချီးမြှင့်သော ရွှေဖရုံသီးကို အလိုမရှိကြချေ။ သို့ဖြစ်၍ နန်းတော်မှ အိမ်သို့ပြန်လာရာ လမ်းခုလတ်တွင် တွေ့သမျှလူတို့အား ရွှေဖရုံသီးကိုရောင်းရန် ပြောဆိုကြသည်။ လမ်းပေါ်ရှိလူအများသည် တန်ဖိုးမြှင့်၍ရောင်းချသော ထိုရွှေဖရုံသီးတို့ကို မဝယ်ကြချေ။ ရာထူးမှ ပယ်ချခံထားရသောအမတ်ကြီးသည် ဘုရင်ကြီးက ထိုသို့ ရွှေဖရုံသီးများရောင်းချနေသော လူအိုတို့ထံသွား၍ ကျသင့်နှုန်းထားအတိုင်း ပေးချေကာ ဝယ်ယူခဲ့လေ၏။

အမတ်ကြီးသည် ထိုရွှေဖရုံသီးတို့ကို မီးဖိုချောင်တစ်နေရာတွင်ထားကာ အိပ်ရာဝင်လေ၏။ အိပ်ရာထဲတွင် အမတ်ကြီးသည် ထိုရွှေဖရုံသီးများအကြောင်း တွေးတောရင်း အိပ်မပျော်နိုင်ဘဲ ရှိလေ၏။ ညသန်းခေါင်လောက်တွင် မီးဖိုချောင်ဘက်ဆီမှ "ချွတ်ချွတ် ချပ်ချပ်"ဆိုသည့်အသံများကို ကြားရ၍ အမတ်ကြီးသည် ထိုနေရာကို သွားရောက်ကြည့်ရှုလေ၏။

အမတ်ကြီး ထိုနေရာသို့ရောက်သောအခါ လူကြီးပေါင်လုံးနီးပါးရှိသည့် မြွေကြွက်ကြီးများက ရွှေဖရုံသီးများကို ကိုက်ဖဲ့စားသောက်နေကြောင်း တွေ့လိုက်ရသည်။ အမတ်ကြီးကို မြင်လျှင် မြွေကြွက်ကြီးများ အလုအယက်ထွက်ပြေးသွားကြကုန်သည်။ အမတ်ကြီးသည် မြွေကြွက်ကြီးများကို ကိုက်ဖဲ့ထားသော ရွှေဖရုံသီးများကို သိမ်းဆည်းရန် သေချာကြည့်လိုက်သောအခါ ထင်မှတ်ထားသလို ရွှေဖရုံသီးအပိုင်းအစများမဟုတ်ဘဲ ရွှေဒင်္ဂါးများဖြစ်နေသည်ကို အံ့သြစွာ တွေ့လိုက်ရသည်။

ထိုအခါမှ အမတ်ကြီးလည်း ဘုရင်ကြီး၏ လျှို့ဝှက်အလှူဒါနကို သဘောပေါက်သွားသည်။ နောက်နေ့မနက်တွင် အမတ်ကြီးသည် ရွှေဖရုံသီးတစ်လုံးစာ ရွှေဒင်္ဂါးတို့ကို ရောင်းချပြီး ကြီးကျယ်သောအလှူကို ပြုလေ၏။ များစွာသော ပြည်သူပြည်သားတို့သည် နှစ်ထောင်းအားရစွာဖြင့် အမတ်ကြီး၏အလှူသို့ လာကြသည်။ ထိုသို့ဖြင့် ခမ်းနားကြီးကျယ်သောအလှူပွဲအကြောင်း ဘုရင်ကြီးရွှေနားတော်သို့ ပေါက်ကြားသွားလေသည်။ အလှူပြုသူမှာ အမတ်ကြီးဟုသိလျှင် ဘုရင်ကြီးသည် အမတ်ကြီးအား အခေါ်လွှတ်စေသည်။

အမတ်ကြီးလည်း အသာတကြည်ပင် နန်းတော်သို့ လိုက်ပါလာခဲ့သည်။ များစွာသော လူထုကြီးလည်း အမတ်ကြီး၏အနောက်သို့ သိလို၍လိုက်ပါလာခဲ့ကြသည်။ နန်းတော်တွင်းသို့ရောက်လျှင် ဘုရင်ကြီးသည် ဦးစွာ မိမိသိလိုသည့်အကြောင်းကို မေးမြန်းလို၏။

"အမတ်ကြီး... အချို့သောသူတို့သည် ရာထူးစည်းစိမ်မှ ချထားခြင်းခံရလျှင် ညှိုးငယ်နွမ်းပါး၍ ဆင်းရဲခြင်းဖြစ်ရပေသည်။ အသင်ကား ယခု ရာထူးမှ ထုတ်ပယ်ပြီးဖြစ်ပါလျက် ထူးထူးခြားခြားအလှူကြီး အတန်းကြီးကို ပြုနိုင်၏တကား။ မည်သို့သော အကြောင်းကြောင့် ဖြစ်ပါသနည်း"

"မှန်လှပါ... အရှင်မင်းမြတ်၊ အသက်အရွယ်ငယ်ငယ်နှင့် ရာထူးစည်းစိမ်တို့ကို ခံစားရသူတို့သည် ရာထူးဂုဏ်ရှိန်မောက်ကြပါသည်။ ရာထူးစည်းစိမ်ချို့ငဲ့နွမ်းပါးသူတို့အပေါ် အထင်သေးအမြင်သေး ရှိတတ်ပေသည်။ အမှန်စင်စစ်တွင် ယင်းသို့ တစ်ဦးကို တစ်ဦး အထင်သေးမှု မပြုအပ်ပေ။ ကံအကျိုးပေးကောင်းလျှင် မည်သူမဆိုအောင်မြင်ကြီးပွားတိုးတက်နိုင်သည်မှာ ဓမ္မတာပင် ဖြစ်ပေသည်"

ပညာရှိအမတ်သည် ထိုသို့လျှောက်လျှင် ဘုရင်ကြီးက မိမိအားရာထူးဂုဏ်ရှိန်မောက်သည်ဟု စောင်းမြောင်းပြောဆိုသည်အထင်ဖြင့် အမျက်တော်ရှလေသည်။

"ဟယ်... အမတ်စုတ်၊ သင်သည် ငါ့အား ရာထူးစည်းစိမ် မာန်တက်သည်ဟု စွပ်စွဲပြောဆိုသည်။ ငါ၏ချမ်းသာစည်းစိမ်ကိုလည်း ကံအကြောင်းတရားကြောင့်ဟု ဆိုပြန်လေပြီ။ သင့်ထံ ခိုင်လုံသောအကြောင်းရင်း တစ်စုံတစ်ရာ ရှိပါ၏လော၊ ငါ့အားပြောပါလေ"

ထိုအခါ အမတ်ကြီးလည်း မဆိုင်းမတွပင် ပြန်လည်လျှောက်ထားလေ၏။

"မှန်ပါအရှင်မင်းမြတ်... အရှင်သည် ငယ်ရွယ်စဉ်အခါက သတ်စေဟု အမိန့်ချထားပြီးသော်လည်း ကြီးမားသောကံတရားကြောင့်သာလျှင် သေမည့်ဘေးမှ လွတ်မြောက်ခဲ့သည့်အပြင် ယခုကဲ့သို့ ရွှေနန်းစည်းစိမ်ကို ခံစားခဲ့ရပြီမဟုတ်ပါလော။ ထို့ကြောင့် အကျိုးပေးကောင်းလျှင် မည်သူမဆိုကြီးပွားတိုးတက်နိုင်မည်မှာ ဓမ္မတာဟု ကျွန်ုပ်ဆိုခြင်းဖြစ်ပါသည်"

ထိုအခါမှ ဘုရင်ကြီးလည်း မိမိအမှားကိုသိကာ သံဝေဂရလေသည်။ ထို့နောက် ပညာရှိအမတ်ကြီးအား တောင်းပန်လေတော့သည်။ အမတ်ကြီးလည်း ခွင့်လွှတ်သဖြင့် ဘုရင်ကြီးသည် မိမိအပါးတွင် အကြံကောင်း၊ ဉာဏ်ကောင်းများပေးရန် ပညာရှိအမတ်တာဝန်ကို ပြန်လည်ချီးမြှင့်၍ ဆုလာဘ်များစွာတို့ကိုလည်း ပေးအပ်လေတော့သည်။

ထူးမမ(ပေါင်)

ငနုံ ငအ

နန္ဒာမိုးကြယ်



ဟိုး... တစ်ခါတုန်းက တောရွာဇနပုဒ်ကလေး တစ်ခုမှာ ဖိုးထင်ဆိုတဲ့ လူငယ်ကလေးတစ်ယောက် ရှိသတဲ့။ သူ့မိသားစုမှာ အဖေမရှိတော့ပါဘူး။ အမေနဲ့ အတူ ဘဝကို ဆင်းဆင်းရဲရဲ ဖြတ်သန်းနေရတာနဲ့ အမျှ ကျောင်းနေသင့်တဲ့အရွယ်ရောက်လာတာ တောင် ကျောင်းမနေခဲ့ရပါဘူး။ စာမတတ်ပေမတတ် ဘဝကို ဖြတ်သန်းရင်း ကာလသားပေါက်အရွယ်ကို ရောက်လာခဲ့တယ်ပေါ့။

ဖိုးထင်ဟာ အမေတစ်ခု သားတစ်ခုဘဝနဲ့ နေ ထိုင်ရင်း တစ်နေ့မှာတော့ အတွေးတစ်ခု ဝင်လာခဲ့ တယ်ဆိုပဲ။

“အင်း... သည်ရွာမှာ သည်လိုပဲ ရရစားစားဘဝနဲ့ နေသွားရင် ဆင်းရဲတွင်းက လွတ်မှာမဟုတ်ဘူး။ လူ တွေပြောပြောနေကြတဲ့ “တစ်ရွာမပြောင်း သူကောင်း မဖြစ်” ဆိုတဲ့ထုံးကို နှလုံးပိုက်ပြီး မြို့ကိုတက်လို့ အလုပ် လုပ်ရင် ကောင်းလိမ့်မယ်”

ဒါနဲ့ပဲ အမေဖြစ်သူကိုခွင့်ပန်လို့ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ရွာငယ်ဇနပုဒ်ကလေးကနေ ထွက်လာခဲ့တယ်။ အမေလုပ်တဲ့သူက တားပါးသေးတယ်။ ဒါပေမဲ့ ဆုံးဖြတ်ပြီးသားဖြစ်နေလေတော့ ခွင့်ပြုရတော့တာပါပဲ။

သည်လိုနဲ့ ဖိုးထင်ဟာ မြို့ကြီးတစ်မြို့ကို ရောက်ခဲ့ပြီး ကံကောင်းထောက်မစွာနဲ့ လုပ်ငန်းရှင်တစ်ဦးရဲ့ ခိုင်းဖက်အဖြစ် အလုပ်ရခဲ့တယ်။ စာမတတ်ပေမတတ်တာမှ သေစာရှင်စာလေးတောင် မဖတ်တတ်သူမို့ အလုပ်ရှင်ရဲ့ ဗာဟီရကိစ္စတွေ၊ တောက်တိုမယ်ရတွေ၊ ခိုင်းရာသွား–စေရာအလုပ်တွေ လုပ်ရတာပဲပေါ့။ ဒါပေမဲ့ ဘာတွေပဲလုပ်ရလုပ်ရ ရွာမှာထက်တော့ အပုံကြီးသာတယ်ဆိုပြီး ဖိုးထင်ဟာ သူ့ဘဝကို သူ ကျေနပ်နေခဲ့တယ်။ ဘာပဲခိုင်းခိုင်း ခိုင်းသမျှကို မညည်းမညူ တာဝန်ကျေကျေ လုပ်ကိုင်ဆောင်ရွက်ပေးတတ်တာမို့ လုပ်ငန်းရှင်က ကျေနပ်တာပဲပေါ့။

သည်လိုနဲ့ နှစ်တွေကြာညောင်းလာလိုက်တာ ၅–နှစ်ကျော် ၆–နှစ်အတွင်းတောင် ရောက်လာခဲ့ပါရောလား။ သည်အခါမှာတော့ ဖိုးထင်လည်း ရွာမှာကျန်ရစ်ခဲ့တဲ့အမေ့ကို လွမ်းလာခဲ့တယ်။ သည်အခါ အလုပ်ရှင်လည်း စာနာစိတ်နဲ့ ဖိုးထင်ကို ရွာပြန်ခွင့်ပေးလိုက်ပါတယ်။

"အင်း... မင်းလည်းငါ့ဆီရောက်လာတာ ငါးနှစ်ကျော်၊ ခြောက်နှစ်ထဲ ရှိပြီဆိုတော့ ရွာနဲ့အမေကို လွမ်းတာ သဘာဝကျပါတယ်လေ။ မင်းပြန်မယ်ဆိုတာ မတားပါဘူး။ ခွင့်ပြုပါတယ်။ အလွမ်းပြေတဲ့အခါ ပြန်လာချင်စိတ်ရှိရင် ပြန်လာနိုင်ပါတယ်။ အေး... မင်းက အခုပြန်တော့မယ်ဆိုတော့ ငါ့ဆီမှာ အလုပ်လုပ်ခဲ့တဲ့အတွက် တန်ရာတန်ကြေးအဖြစ် ငွေသားစကြီး တစ်စ ပေးလိုက်မယ်။ အသုံးလိုတဲ့အခါ ဖဲ့ရောင်းပြီးသုံးစွဲပေါ့ မောင်ဖိုးထင်ရယ်..."

"ဟုတ်ကဲ့... ကျေးဇူးအများကြီးတင်ပါတယ် ခင်ဗျာ"

အလုပ်ရှင်က အင်မတန်ကြီးမားတဲ့ငွေသားစကြီး ပေးလိုက်တော့ မောင်ဖိုးထင်အဖို့ သိပ်ကို ဝမ်းမြောက်ဝမ်းသာဖြစ်သွားခဲ့တာပေါ့။ ရွာကိုပြန်ရောက်တဲ့အခါ ငွေသားစကြီးကို ထုခွဲရောင်းချလိုက်ရင် သားအမိနှစ်ယောက်ရဲ့ စားဝတ်နေရေးဟာ သိပ်ကို အဆင်ပြေသွားမယ်မဟုတ်လား။ အမေကလည်း ငွေသားစကြီးကို မြင်ရရင် ဝမ်းမြောက်ဝမ်းသာဖြစ်မှာပါပဲလို့ တွေးရင်း ပျော်နေမိတော့တယ်။

ဒါနဲ့ပဲ မြို့ကနေ ရွာရှိရာကို ဖိုးထင်လည်း ငွေသားစကြီးထမ်းလို့ ပြန်လာခဲ့တော့တယ်။ တစ်ရွာပြီးတစ်ရွာ ခြေလျင်ခရီးနှင်လာရင်းက ကြတော့ မောပန်းလာပြီး သစ်ပင်ကြီးတစ်ပင်အောက်ရောက်တဲ့အခါ အပင်ခြေရင်းမှာ အနားယူလိုက်ပါတယ်။ အဲသည်အချိန်မှာ လူတစ်ယောက်ဟာ မြင်းညိုကြီးကို ဟန်ကျပန်ကျစီးရင်း သူ့တည့်တည့်ကို လာနေတယ်။



"ဟာ... သည်လူ့ကိုကြည့်ရတာ တယ်လည်း ဟန်ကျပန်ကျ ရှိလှပါကလား။ ခုနေ... ငါ့မှာသာ သူ့လို မြင်းကြီးရှိနေရင် အညောင်းခံလမ်းလျှောက်စရာမလို ဘဲ သူ့လို ဖိမ်ရှိရှိနဲ့ မြင်းကြီးကိုစီးပြီး ရွာကို ပြန်နိုင်တာ ပေါ့..."

အဲသည်လို ဖိုးထင်ရဲ့ တောင့်တောင့်တတနဲ့ ညည်းတွားလိုက်တဲ့အသံကိုကြားတော့ မြင်းပိုင်ရှင်ဟာ မြင်းကို တံ့ခနဲရပ်လိုက်ပြီး-

"ဟေ့ မင်းက ဘာဖြစ်လို့ စီးနင်းစရာမရှိဘဲနဲ့ ခြေကျင်သွားနေရတာလဲကွ..."

လို့ မေးလိုက်တယ်။

"ပြော-မပြောချင်ပါဘူးဗျာ။ ဟောဒီမှာ ငွေသားစ အချောင်းကြီးကို တွေ့တယ်မဟုတ်လား။ အဲဒါ... ကျုပ်မြို့မှာ ခြောက်နှစ်လောက် အလုပ်လုပ်ခဲ့လို့ရလာတာဗျ။ ဒါကြီးကို ထမ်းလာရတာ လေးလွန်းလို့ ညည်းနေရတာ။ ကျုပ်မှာက ခင်ဗျားလို မြင်းမှ မရှိပဲလေ။ သည်တော့ ကိုယ့်ခြေထောက်ပဲ ကိုယ်အားကိုးနေရတာပေါ့..."

စကားပြောဆိုကြည့်လိုက်တဲ့အခါ ဖိုးထင်ဟာ နုံနုံအအမှန်း မြင်းရှင်သိသွားတော့-

"ဒါများကွာ... အလွယ်ကလေးပါ။ မင်း ငါ့မြင်းကြီးကို မလိုချင်ဘူးလား..."

"လိုချင်တာပေါ့ဗျာ၊ ဒါပေမဲ့ ခင်ဗျားမြင်းကြီးက ဈေးကြီးမှာပေါ့..."

"ဈေးကြီးလည်း ကိစ္စမရှိပါဘူးကွာ။ မင်း ဒုက္ခခံစားနေရတာ သနားလို့ပါ။ သည်တော့ မင်းထမ်းလာတဲ့ ငွေသားစနဲ့ ငါ့မြင်းကြီးကို လဲမယ်လေ"

"ခင်ဗျား တကယ်ပြောတာနော်"

"ဟ-တကယ်ပြောတာပေါ့။ ငါ့မြင်းက အင်မတန်လိမ္မာတာ...။ မင်း မြန်မြန်သွက်သွက်စီးချင်ရင် ပါးစပ်ကနေ "ဟိုင်း...ရား" လို့ အော်လိုက်ရုံပါပဲ။ အတော်သွက်တဲ့ကောင်..."

"ဒါဆို လဲမယ်ဗျာ။ ရော့ ကျုပ်ရဲ့ ငွေသားစချောင်း"

အပေးအယူတည့်သွားပြီမို့ မြင်းပေါ်ကလူလည်း မြင်းပေါ်ကခုန်ဆင်းလို့မြင်းနဲ့ငွေသားစကို လဲယူလိုက်တော့တယ်။

ဖိုးထင်လည်းကျေနပ်အားရစွာနဲ့ပဲမြင်းကျောပေါ်တက်ခွလို့ ဖြည်းဖြည်းချင်းစီးသွားတာပဲပေါ့။ စိတ်ထဲမှာလည်း အတော့်ကို ဘဝင်ကျလို့ပေါ့။

"ဟာ... မေ့နေလိုက်တာ။ မြင်းရှင်က ခပ်မြန်မြန်ခပ်သွပ်သွပ်စီးချင်ရင် "ဟိုင်း...ရား" လို့ အော်ရမတဲ့။ ခပ်သွပ်သွပ်ကလေးစီးမှ ရွာကို ခပ်မြန်မြန်ရောက်မှာ"

ဒါနဲ့ ဖိုးထင်လည်း ပါးစပ်ကနေ "ဟိုင်းရား" "ဟိုင်းရား" လို့ အဆက်မပြတ် အော်တော့တယ်။ သည်အခါမြင်းလည်းကဆုန်ပေါက်ပြေးပြီးတဲ့နောက် ပဒပ်ရပ်လိုက်တဲ့အခါဖိုးထင်ခမျာမြင်းပေါ်ကပြုတ်ကျပြီး ဒူးတွေပေါင်တွေတောင် ပွန်းပဲ့သွားလေရဲ့။ မြင်းကဆက်ပြေးမယ်ပြုပြန်ပါသေးတယ်။ သည်အချိန်မှာ နွားမတစ်ကောင်ကို ဆွဲလာတဲ့လူတစ်ယောက်က မြင်းရဲ့ဇက်ကြိုးကို ဆွဲထားပေးလို့ လွှတ်မသွားတာ။

"ဟေ့လူ ခင်ဗျား မြင်းမစီးတတ်ဘူးလား"

"မစီးတတ်စီးတတ်ပဲဗျာ...၊ ဒါပေမဲ့ ဒီမြင်းက အသုံးမကျပါဘူး။ သင်းကြောင့် ကျုပ်ရဲ့တံတောင်ဆစ်နဲ့ ဒူးတွေ ပွန်းပဲ့ကုန်ပြီ"

"ဒါဆိုရင်... ဟောဒီကျုပ်ရဲ့ နို့စားနွားမနဲ့ လဲမလား။ ကျုပ်နွားမက နို့ထွက်သိပ်ကောင်းတာဗျ"



"ဟုတ်လား... ဒါဆို လဲတာပေါ့ဗျာ။ ကိုယ်လည်း နွားနို့သောက်ရ၊ ရောင်းလည်းစားရနဲ့"

"ဒါနဲ့ပဲ ဖိုးထင်ဟာ သူ့မြင်းနဲ့ တစ်ဖက်လူရဲ့နွားမကို လဲလိုက်ပါတယ်။ နွားရှင်လည်း ဝမ်းသာအားရနဲ့ ဖိုးထင်ဟာ နွားကြိုးပစ်ပေးလိုက်ပြီး မြင်းပေါ်တက်ခွလို့ ကဆုန်စိုင်း ထွက်သွားပါတော့တယ်။ ဖိုးထင်လည်း နွားကြိုးကိုဆွဲပြီး ခရီးဆက်ခဲ့တာပေါ့။ သည်အချိန်မှာ နေလုံးကြီးလည်း တရိပ်ရိပ်တက်လာပြီး ကျောကော့အောင် အပူဓာတ်တွေ ထုတ်လွှင့်နေပါပြီ။ သည်လိုအပူဒဏ်ကြောင့်ပဲ ဖိုးထင်လည်း ရေဆာလာတယ်။ ဒါပေမဲ့ သောက်စရာရေက မရှိဘူး။

"ဟာ... ငါ့နယ်နော်... အ,လိုက်တာ။ နို့စားနွားမ ပါလာတဲ့ဥစ္စာ၊ ရေငတ်လည်း ဘာအရေးလဲ... နို့ညှစ်ပြီးသောက်လိုက်ရင် ရေငတ်ပြေရုံမက အားလည်းရှိလိုက်မယ့်ဖြစ်ချင်း..."

ဒါနဲ့နွားမကို သစ်ပင်တစ်ပင်မှာချည်လိုက်တယ်။ ပြီးတာနဲ့ ခေါင်းကဦးထုပ်ကို ချွတ်လို့ နို့ခံရအောင် နို့အုံမှာတေ့ရင်း နို့ညှစ်တော့တယ်။ ဒါပေမဲ့ နို့ချချိန်မဟုတ်သေးတာမို့ တစ်စက်ကလေးမှ နို့ထွက်မလာဘူး။ ဒါ့အပြင် နွားမဟာ သခင်မဟုတ်မှန်းသိလို့နောက်ခြေနဲ့ကန်လိုက်တဲ့အခါ ဖိုးထင်လည်း ပက်လက်လန်သွားခဲ့တာပေါ့။ အဲသည်အချိန်မှာ ဘဲငန်းကြီးပိုက်လာတဲ့လူတစ်ယောက် ရောက်လာတယ်။ ပြီးတော့ ဖိုးထင်ရဲ့အဖြစ်ကို မေးမြန်းစပ်စုတော့တယ်။ ဖိုးထင်လည်း နန့်အအဆိုတော့ အဖြစ်မှန်တွေကို မခြွင်းမချန်ပြောပြတာပေါ့။ သည်အခါမှာ ဘဲငန်းပိုင်ရှင်လည်း ဖိုးထင်ကို လှည့်ဖြားလို့ရတဲ့ ငတုံးအမှန်းသိသွားပါတော့တယ်။ ဒါကြောင့်ပဲ နွားမကို ရယူလိုစိတ်နဲ့ လှည့်ဖျားပါတော့တယ်။

"ဟော့လူ ခင်ဗျားတော့ ပြဿနာပဲ"

"ဘာဖြစ်လို့တုံးဗျ"

"ဘာဖြစ်ရမှာလဲ... ခင်ဗျားဆွဲလာတဲ့နွားမဟာ ရွာကပျောက်သွားတဲ့နွားမဗျ။ ပိုင်ရှင်တွေလိုက်ရှာနေတယ်။ မိလို့ကတော့ ခင်ဗျားတော့ ရုံးရောက်ဂါတ်ရောက်နဲ့ ထောင်ကျဦးတော့မှာပဲ..."

"အလိုလေး... ဒုက္ခပါပဲ။ ကျုပ် တကယ်မခိုးပါဘူးဗျာ။ ကယ်နိုင်ရင် ကယ်ပါဦး"

"ဒါဆို ဟောဒီ ကျုပ်ဘဲငန်းကြီးနဲ့လဲပြီး ယူသွားပေတော့။ ကျုပ်က မြန်မြန်ခရီးဆက်မှာဆိုတော့ သူတို့ မမီလောက်ပါဘူး"

"ကျေးဇူးကြီးလှပါပေ့ဗျာ"

ဖိုးထင်လည်း ကံကောင်းထောက်မလို့ဆိုပြီး ကျေကျေနပ်နပ်နဲ့ပဲ ဘဲငန်းကြီးပိုက်ပြီး ခရီးဆက်ခဲ့ပါတော့တယ်။ ရွာကလည်း ရောက်ဖို့ နည်းနည်းလိုသေးတယ်။

အဲသည်အချိန်မှာပဲ ဓားသွေးကျောက်တုံးကြီးထမ်းပြီး သီချင်းကလေးတကြော်ကြော် ဆိုရင်းလျှောက်လာတဲ့သူနဲ့ ဆုံမိတယ်။

"ဟော့လူ... ကျောက်တုံးကြီးထမ်းလာရတာ တောင် သီချင်းကလေးတကြော်ကြော်နဲ့ အတော့်ကို ပျော်နေပါကလား"

"ပျော်တာပေါ့ဗျာ။ ဒီကျောက်တုံးကြီးဟာ ကျုပ်အတွက်တော့ ငွေတုံးငွေခဲပဲ။ ရွာထဲဝင်တာနဲ့ "ဓား သွေးကတ်ကြေးသွေး"လို့အော်လိုက်ရင် သွေးကြတော့တာပဲ။ သည်အခါ ငွေစကြေးစတွေ ကျုပ်အိတ်ထဲ ဝင်လာကြတော့တာပဲ"

"တယ်ဟုတ်ပါကလားဗျာ၊ ခင်းဗျားရဲ့ဓားသွေးကျောက်ကု လိုချင်စမ်းပါဘိ"

"သည်လိုဆို... ခင်ဗျားရဲ့ဘဲငန်းကြီးနဲ့ လဲမလား"

"လဲမယ်...လဲမယ်... သိပ်ကိုလဲမယ်"

ဒါနဲ့ပဲ ဖိုးထင်ဟာ ဘဲငန်းကြီးနဲ့ ကျောက်တုံးကြီးကို လဲလိုက်တယ်။ စိတ်ထဲမှာလည်း ငါလိုလူဇမ္ဗူမှာ ရှိသေးပါရဲ့လားလို့ မော်လို့ကြွားလို့ပေါ့...။ သည်လိုနဲ့ ခရီးဆက်လာရင်းက ဝါးတံတားလေးထိုးထားတဲ့ ရေကန်တစ်ကန်ကို ဘွားခနဲတွေ့လိုက်ရတယ်။ ရေကလည်း ဆာလာတာမို့ ကျောက်တုံးကိုထမ်းရင်း ဝါးတံတားအစွန်းဖက်လျှောက်သွားပြီး ရေကို ငုံ့သောက်လိုက်တယ်။ သည်အခါ ကျောက်တုံးဟာ မမျှော်လင့်ဘဲ ရေထဲကို ဗွမ်းခနဲ ပြုတ်ကျသွားတော့တယ်။ ရေကလည်း တော်တော်နက်တယ်ထင်ရဲ့။ ခြေထောက်လို့တောင်မမီဘူး။

သည်တော့ ဖိုးထင်ဟာ ကန်စပ်ကိုပြန်တက်ပြီး လက်ခမောင်းခတ်တော့တာပဲ။

"အမယ်လေး...လေး။ ခုမှပဲ လေးပင်တဲ့ဝန်တွေ ထမ်းလာရတာ ပေါ့သွားတော့တယ်။ ငါ့လောက် ကံကောင်းတဲ့သူ ဒီဇမ္ဗူမှာ ရှိပါသေးရဲ့လား...။ ပျော်လိုက်တာ... ပျော်လိုက်တာ"

အဲသည်လို ဟစ်ကြွေးရင်း သူ့ရဲ့ရွာလမ်းအတိုင်း ဝင်သွားပါတော့တယ်။

ပုံပြင်လေးကတော့ ဒါပါပဲ။

သည်ပုံပြင်လေးကို အနှစ်ချုပ်ကြည့်ရင် အသိပညာချွတ်ယွင်းတဲ့သူဆိုတာ အမှားအမှန်ကို မခွဲခြားတတ်။ ကိုယ့်ပစ္စည်းကို ကိုယ်တန်ဖိုးထားရကောင်းမှန်းမသိ။ နောက်ဆုံး ကိုယ်ပိုင်ဆိုင်တာတွေတောင် လက်လွတ်ဆုံးရှုံးရတယ်ဆိုတဲ့ သင်ခန်းစာယူဖို့ ကောင်းလားကွယ်။

သားတို့သမီးတို့လည်း ဖိုးထင်လို နုံနုံအအမဖြစ်စေရအောင် ငယ်စဉ်ကတည်းက ပညာမှန်သမျှ လေ့လာဆည်းပူးနိုင်ကြပါစေကွယ်။

နန္ဒာမိုးကြယ်

ဂယာရွာသူ ကျွန်မလေး

မြတ်နိုး

မဇ္ဈိမဒေသ ဗာရာဏသီပြည် အနီး၌ ဂယာ ဟူသောရွာလေးတစ်ရွာရှိလေ၏။



ထိုရွာမှ ပုဏ္ဏားမလေးတစ်ယောက်သည် အရွယ်ရောက်သောအခါ၊ လုလင်တစ်ယောက်နှင့်လက်ထပ်ပြီး ထုံးစံအတိုင်း၊ လင့်အိမ်သို့လိုက်ခဲ့ရလေ၏။

လင်ဖြစ်သူ ပုဏ္ဏားက အစေခံများနှင့်မိတ်ဆက်ပေးရာ၊ အစေခံမတစ်ဦး၏သမီးလေး တစ်ယောက်ကို မြင်လျှင် ပုဏ္ဏားမသည် အလိုလိုအမျက်ထွက်ချေ၏။




ပုဏ္ဏားမသည် အစေခံ၏ သမီးလေးကို မေတ္တာတရားမရှိဘဲ
မြဲတမ်း ဆဲဆို၊ မြည်တွန်ရှိ၏။
ဟဲ့.. ကောင်မလေး ငါနဲ့ဝေးဝေးသွားနေစမ်း..
ထို့ကြောင့်၊ အစေခံမ၏ သမီးလေးမှာ တဖြည်းဖြည်း ကြီးလာ၏။
အသည်းလှပြီ ရိုးသားသောအရွယ်သို့ရောက်
လျှင်ပုဏ္ဏားမ၏ ကျွန်မလေးအဖြစ်ဖြင့်သာ
ရှိရ၏။
ရှုံ့ဟိုက်လိုက်တာ..
သခင်မသွေး ခိုင်းတဲ့သနပ်ခါး ရပါပြီရှင့်
သခင်မဖြစ်သူ မျက်နှာချိုအောင်ဆောင်မည်
သို့ပင်ကြိုးစား၊ ကြိုးစား ပုဏ္ဏားမက
အားမနာဘဲ.. မြည်တွန်ခဲဆို ရိုက်နှက်
တတ်သည်။
သနပ်ခါး ဒီလောက် ပါရလား..အသုံးမကျ ဘူး..ကွဲ့..ဟာ..


သခင်မအားဝတ်ကြီးစွာ လုပ်ကျွေးပေးသော်မှ.. သူမ၏ဒေါသထွက်လာတိုင်းမှာ ခြေဖြင့်အကန်ခံရ ခြင်း၊ တံတောင်ဖြင့်အတွက်ခံရခြင်း၊ လက်သီးဖြင့်အထုခံရခြင်းတို့သာ ဖြစ်လေ့ရှိတော့၏။
ဖုန်း
အား
ဒုန်း
အုန်း
အား
အီး
ဤသို့ဖြစ်ရခြင်းအကြောင်းကား၊ ပုဏ္ဏားမနှင့်ကျွန်မလေးတို့၏ ရှေးဘဝက အကြိုးအကြောင်း များနှင့်တကွ ဆုတောင်း တို့ကြောင့်သာတည်း။
ကဿပဘုရားရှင်လက်ထက် တွင်၊ ယခုကျွန်မလေး သည် ပုဏ္ဏားမ၏သခင်မ ဖြစ်ခဲ့ဖူးလေ၏။
ထိအောင်နှိပ်.. ဒါပေမဲ့.. မနာစေနဲ့ ဟွန်း..
ဘယ်လိုနှိပ် ရမှာ..

ထိုသခင်မသည်.. ကျွန်မလေးကို အမြဲတမ်းနှိပ်စက်လေ၏။
ခိုင်းစေ၏။ ဝေဒနာနှင့်ပင်ပါစေ၏။
သံလုံးပစ်
ချနိုင်ပြီယံ့ကွ
အုန်း
အွှေးမလေး
ညဉ့်နှင့်ချီကြ၏။ အမျိုးမျိုးဖြင့် မရိုးရအောင်နှိပ်စက်
လှုန်းရကြား။
နှိပ်စက်နည်း (၉၉) နည်းတော့ ရှိပြီ။ တစ်ထောင်ပြည့်အောင် စဉ်းစား၊ စဉ်းစားဦးမယ်..
ဝါး
ကျွန်မလေးသည်.. သခင်မပေါ် စိတ်နာလှုန်းရကြား.. ရသေ့ကို ကောင်းမှုတို့ ဒိုက်ထက်အား သဒ္ဓါပြုကာ..
သာခု..သာခု.သာခု..
အမြိုးအာဘောဖြင့်တောင်းလေ၏။
နောင်လာဝများမှ ငါသည် ကျွန်သခင်မ အပေါ်တွင် အစိုးရသူ ဖြစ်ရပါလို၏။


ထိုသူဌေးကတော်ကြောင့် ကဿပဘုရားရှင်လက်ထက်တွင်၊ ကျွန်မလေးသည် ပုဏ္ဏေးမဖြစ်လာပြီး ယခုဘဝမှာ ကျွန်မလေးဖြစ်လာခဲ့တော့၏။
ဘယ်ဘဝကဆူတောင်းလဲ မသိချင်..ရှုံးလိုက်တာနော် ဟင်း...
အဝဲ့ဒွာလှည့်ခိုရေ ဆောင်မြဲခဲ့ရမည့်အစား သူဌေးကတော်လွဲခဲ့ရသည့် အဝှက်သံသရာဝဋ်ကြွေး သူ၊ သံသရာလှည့်ခြင်းကြောင်း၏ ဖြစ်ခဲ့ရခြင်းပါတည်း။
ငကြောက်ခရေ...
သံသရာ အချိုးသူဌေးကတော်ကြောင့် ယခုဘဝတွင် ပုဏ္ဏေးမသည် ကျွန်မလေးကို ရှင်တိုင်းအမုန်းစိတ် များပွားကာ ရှိခဲ့တော်လေ၏။
ယောဒီ ဆံပင်ကို ဆွဲထားတော့ ပြေးလို့ရှော ရလား..ဟင်း
သေပါပြီ
အကြောင်းမဲ့ဆံပင်ဆွဲ၍ တုတ်ဖြင့် ရိုက်လေ၏။ ခြေနှင့်ကန်၏။ တံတောင်နှင့်ထောင်း၏။ ထွေးရည်နှင့်ဖတ်၏။
ရက်စက်မှုကြာကမ်းကျွန် ပါ..အမြောက်နဲ့ပစ်ဖို့ပဲ ကျွန်တော်ဝတယ်..


ကျွန်မလေးလည်း သည်းမခံနိုင်သည့်အဆုံး ဆတ္တာသည် အိမ်သို့သွားပြီး ကဝေစုန်းရိုက် လိုက်ပါ၏။
ဒီလိုဆိုတော့ ဆံပင်ခွဲလို့မရတော့ ဘူးပေါ့..
ထိုအခါ ပုဏ္ဏားမမှာ အမျက် ပြင်းစွာထွက်ပြီး..
ကျွန်မ..ကဝေစုန်းရိုက် ရုံးကို..လျှောက်မယ်တော်လား..
ပုဏ္ဏားမလည်း၊ ကျွန်မ ဦးခေါင်းတွင် ကြိုးတစ်ချောင်းကို မချွတ်နိုင်အောင် ချည်ပြီး..
အို!
အဖိုးစကားခွဲချလိုက်ကာ..ရိုက်နှက်ညှင်းဆဲ လေတော့သည်။
ကဲ မာယာ..
သေပါပြီ.. သေပါပြီ..
ဖြန်း
ဆံပင်ဆို ဆီနဲ့ချောပြီးလျှော်သွား သေးတယ်..ခုမှ ပိုင်ပိုင်နိုင် နိုင်..ရိုက်လို့ရတယ်..

ထိုအခါမှစ၍ ချွန်မလေး ကို မကြီးပန်း (ဂုဏ္ဍမာလာ) ဟု အများအခေါ်ဝေါ်ကြကုန်၏။
သနားစရာမကြီး ရွှေ..
မကြီးပန်း
ဟားဟား
တစ်နေ့သော်.. မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး တော်မူ နေစဉ်၊ နံနက်မိုးသောက်ပေါ်သောအခါ လောကကို ဆင်ခြင်တော်မူလျှင်၊
ယနေ့တွင် ချွန်မလေး မကြီးရွှေသည် သစ္စာလေးပါးကို ထိုးထွင်း သိမြင်ပေမည့်..
ပုဏ္ဏားမလေးသည်လည်း သရဏဂုံတည်ပြီး သီလ စောင့်မည်ကိုမြင်၍ အချိန်ကို ဆင်ခြင်တော်မူပြီး ဂယာရွာအနီး တောအရပ်ရှိ သစ်ပင်တစ်ပင်အောက်၌ ရောင်ခြည်တော်တို့ကို လွှတ်ကာ ထိုင်၍နေတော်မူ၏။


နေ့ရှိသရွေ့..ဤသို့အညှင်း
ဆဲခံနေရသောဘဝ၌ အသက်ရှင်
နေရလျှင် ဘာအကျိုးရှိပါတော့
အံ့နည်း..
သနားစရာ
ထိုနေ့တွင်ပင်၊ ကျွန်မလေး မကြီးရွှေလည်း
ပုဏ္ဏားမ၏နှိပ်စက်မှု ဒဏ်ကိုအား မခံနိုင်
တော့သဖြင့်၊ ကိုယ့်ကိုယ်ကိုယ်သတ်သေရန်ဆုံး
ဖြတ်ပြီး၊ ရေဆိပ်သို့ သွားမည့်ဟန်ဖြင့်အိမ်မှ
ထွက်ခဲ့တော့၏။
ကျွန်မ ရေခပ်သွားလိုက်
ပါဦးမယ်..
ထို့နောက်တောသို့ဝင်ခဲ့ပြီး သစ်ပင် တစ်ပင်ပေါ်တက်ကာ
အသင့်ပါလာသော ကြိုးကို သစ်ကိုင်း၌ သေချာစွာ
ချည်၏။
ပြီး..မိမိလည်ပင်း၌ကွင်း
စွပ်ပြီးလျှင်၊ အောက်သို့
ခုန်မချမီ၊ လေးဘက်သို့ ကြည့်
လိုက်၏။

ထိုသို့ သောကနှင့်ကိုယ်မို့ ဝန်းကျင်ကို သတိမထား မိသည့် မကြီးရွှေ မှာ ယခုမှပင် မြတ်စွာဘုရားကို မြင်သွားတော့၏။
ရောင်ခြည်တော်(၆)သွယ်ဖြင့် မြတ်စွာဘုရား၏မျက်နှာ တော်မှာ..အနိုင်းမဲ့တည်ငြိမ် အေးလှသည်မို့..
မြတ်စွာဘုရားကိုရှိသော်ခြင်း ညှိုးငယ်သောစိတ်များဝင်သွား ပြီး၊
မြတ်စွာဘုရားသည် ငါ့လို ချွေးနိမ့်မလေးကို တရားဟော လိုပါ့မလား၊ တရားတော်ကို နာရလျှင် ငါသည်ကျွဲသို့ဆိုး ပါးလာသာဝမှလွတ်နိုင် ပါမည်လား..
မြတ်စွာဘုရားလည်း မကြီးရွှေ၏စိတ်အကြံကို သိတော်မူသဖြင့်..
ချစ်သမီး..မကြီးရွှေ ငါ့ထံလာလော့...

မေတ္တာဂရုဏာအသံဖြည့်ဝလှသော မြတ်စွာဘုရား၏အသံကို ကြားလျှင် ပီတိများ တစ်ကိုယ်လုံး လွှမ်းခြုံသွားလျက် မကြီးရွှေမှာ သစ်ပင်ပေါ်မှဆင်းကာ၊ မြတ်စွာဘုရားထံသို့သွားပြီး၊ ရိုသေစွာရှိခိုးနေလေ၏။
ချစ်သမီး မကြီးရွှေ ဤခန္ဓာကိုယ်ကား၊ သူတစ်ပါး နှိပ်စက်ခြင်းကြောင့်သာ ဆင်းရဲသည် မဟုတ်၊ သူ၏သဘာဝ အမှန်အားဖြင့်လည်း ဆင်းရဲတွန်းဆင်းရဲခဲ့ပြီးသာ ဖြစ်ပေ၏။
သူတစ်ပါး မနှိပ်စက်လာသော်လည်း အိုခြင်း၊ နာခြင်း၊ သေခြင်း ဟူသော ဒုက္ခဆင်းရဲတို့၏ နှိပ်စက်ခြင်းမှ မလွတ်ကင်းနိုင်။
အိုး
အား
အန္ဓပုထုဇဉ်ဖြစ်ခဲ့သည်က ဆင်းရဲတွန်းဆင်းရဲခဲ့ပြီး၊ ဖြစ်လေသော ခန္ဓာကိုယ်ကိုပင် တပ်မက်တွယ်တာကြချေ၏..

ဤသို့တွယ်တာခြင်းကြောင့်လည်း သံသရာများစွာ၊ ကျင်
ဒုက္ခဝဋ်ကို ရရှိနေခြင်း ဖြစ်ပေသည်။ တပ်မက်တွယ်
တာခြင်း ကင်းမှသာ သင်၏ ဒုက္ခ ချုပ်ငြိမ်းပေမည်
ချစ်သမီး..
သင်းရဲ့ချုပ်ငြိမ်းမှုသည်
အမြင့်မြတ်ဆုံးသော ငြိမ်းချမ်း
တဲ့ နိဗ္ဗာန်ကို ရစေလိမ့်
မည်..
နိဗ္ဗာန်ချမ်းသာကို ရအောင်လည်း သာသနာတော်တွင် အမြင်
မှန်ရဖို့ အရေးကြီးပေသည်။ အကျင့်လမ်းစဉ်မှန်မှသာ
နိဗ္ဗာန်ချမ်းသာနှင့် နီးပေလိမ့်မည် ချစ်သမီး ဆင်
ခြင်လော့..
မြတ်စွာဘုရားက မကြီးဒွေ
နှင့်သင့်လျော်သော တရားကို
ဟောကြား မကြီးဒွေလည်း အမြင်
မှန်ရ၍ သောတာပန်ဖြစ်လေး
ဖြစ်ခဲ့တော့သည်။


မြတ်စွာဘုရားလည်း သင့်တော်သောကာလဖြစ်ပြီ ဟူ၍ကြံကာ၊ နေရာမှ ထပြီး၊ ရွာနှင့် မနီးမဝေးတွင်ရှိ သစ်ပင်ကြီးသို့ ပြောင်းကာ စံနေတော်မူ၏။
မကြီးရွှေလေးလည်း၊ ဘဝပေါ်တနုန်းမြင်ခဲ့ပြီဖြစ်၍ သတ်လိုသောစိတ် မကြံဖြစ်တော့ဘဲ၊ သည်းခံခြင်း၊ ရှက်ခြင်း၊ သနားခြင်း၊ ကရုဏာ မြတ်သော စိတ်ဓါတ်များ သက်ဝင်လာတော့၏။
ပုဏ္ဏားမယ်သည်ပင် ကိုယ့်ကိုသတ်ဖို့က သတိသွင်းပိုကညွှန်း ပြခဲ့ရ ဖြစ်ပါစေပေ့.. သည်းခံပေတော့ အုံ...
သို့ဖြင့် ရေခပ်ပြီး အိမ်သို့ပြန်လာရာ အိမ်ရှင်ပုဏ္ဏားကြီး နှင့်တွေ့ရ၏။
သင်..ဒီကနေ့ ရေခပ်ပါသို့ သွားသည် မှာကြာလှ၏။ သင့်မျက်နှာသည်လည်း... ကြည်လင်လှ၏။ သင်သည် တစ်မျိုးတဖုံ ဖြစ်နေသည်ဟု ထင်၏အသို့ နည်း
ထိုအခါ.. မကြီးရွှေလေးလည်း သခင်မ နှိပ်စက်၍ ကိုယ့်ကိုယ်ကိုယ်သတ်သေရန်မှ အစ၊ မြတ်စွာဘုရားနှင့် တွေ့ခဲ့ပုံ များကို ပြန်ပြော ပြလေ၏။


ပုဏ္ဏားကြီးလည်း မကြီးရွှေ၏စကားကိုနှစ်သက်ရကား၊ အိမ်တွင်းသို့ဝင်ကာ ဇနီးမကိုခေါ်ကာ၊
သမီး.. မကြီးရွှေကို နှိပ်စက်မှု မပြုပါနှင့်
ထို့နောက် ပုဏ္ဏားကြီးလည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့်.. မြတ်စွာဘုရားထံသွား၍ ဆွမ်းစားပင့်လေ၏။
ပုဏ္ဏားကြီး မိသားစုနှင့် ဂေဟာရှင်သူ ရှင်သားတို့သည်လည်း မြတ်စွာဘုရားကို ထူးမြတ်သော ဆွမ်း၊ ခဲ၊ ဘောဇဉ်၊ သောရသတို့ဖြင့် ဆွမ်းကပ်လှူဒါန်းလေ၏။
မြတ်စွာဘုရားက ဆွမ်းဘုဉ်းပေးပြီးနောက်၊ မကြီးရွှေနှင့် ပုဏ္ဏားမ တို့အား.. အတိတ်ဘဝက ရန်ငြိုးဖွဲ့ခဲ့ပုံတို့ကို အကျယ်တဝင့် ဟောကြားပြီး ပရိသတ်နှင့် သင့်လျော်သော တရားကိုဟောရာ၊ ပုဏ္ဏား၊ ပုဏ္ဏားမ၊ နှင့် လူအပေါင်းလည်း သရဏဂုံ တည်ပြီး... သီလယူကြ၏။


ပုဏ္ဏားကြီးလည်း၊ မကြိုးရွှေကို ကျွန်အဖြစ်မှလွှတ်ခဲ့ကာ သမီး
အရင်းလိုထားလေ၏။
ချွေးမဖြစ်သော ပုဏ္ဏားမလည်း မကြိုးရွှေအား ရန်ငြိုးဖွဲ့ကာ၊ မေတ္တာဖြင့်သာ ဆက်ဆံလေ၏။
ညီမလေးစားဖို့
ကျေးဇူးပါ မမ..
ထို့ဖြင့် မကြိုးရွှေလေးလည်း အသက်ဆုံးတိုင်အောင်နေရ၍၊ သေလွန်သောအခါ၊ နတ်ပြည်၌ နတ်သမီး ဖြစ်လေ၏။
အခြွေအရံ နတ်သမီး တစ်ထောင် ရှိပြီး၊ လှည်းအစီး (၅၀) ထိုက်မျှ များလှသော နတ်ဝတ်တန်ဆာ တို့ကို ဝတ်ဆင်ကာ.. နတ်သမီး အခြွေအရံ တစ်ထောင်နှင့်အတူ နန္ဒဝန် ဥယျာဉ် အတွင်း လှည့်လည်ရင်း သွားလာ ရှုကြည့်ရွှင်သော စည်းစိမ်ကို ခံစားနေရတော့သတည်း။
ပြီး

မိမိကိုယ်သာ အားကိုးရာ

သန္တာမြတ်သောင်း

ကလေးတို့ရေ…။

ဒီလပြောပြချင်တဲ့ပုံပြင်လေးက မိမိကိုယ်သာ အားကိုးရပါတဲ့ကွယ်။ လူတွေဟာ အားကိုးရာရှာကြတယ်။ တကယ်တော့ အရေးကြုံလာရင် မိမိကိုယ်မိမိကသာ အားကိုးရာအစစ်အမှန်ဆိုတာ ဒီပုံပြင်လေးက ဖော်ပြနေပါတယ်။

တစ်ခါတုန်းက မောင်လှနဲ့မောင်မြဆိုတဲ့ သူငယ်ချင်းနှစ်ယောက်ဟာ ကုန်ရောင်းကုန်းဝယ် ထွက်ကြသတဲ့။ ဟိုးအရင်ခေတ်က အခုခေတ်လို ရထားတွေ၊ ကားတွေ၊ လေယာဉ်ပျံတွေ မပေါ်သေးတော့ နေ့ချင်းခရီးမပေါက်ဘူး။ ကုန်ရောင်းကုန်ဝယ်သွားတဲ့အခါ လမ်းခရီးတောအုပ်ထဲမှာ ညအိပ်ကြရတာပေါ့။

မောင်လှနဲ့ မောင်မြကလည်း ကုန်ရောင်းကုန်ဝယ် ခရီးထွက်ရင်း ညဦးအချိန်ရောက်လာတော့ တောအုပ်ကြီးထဲက ညောင်ပင်ကြီးတစ်ပင်အောက်မှာ အိပ်ဖို့ ပြင်ကြရသတဲ့။ မောင်လှက ညောင်ပင်စောင့်နတ်မင်းကြီးကို တိုင်တည်ပြောဆိုတယ်။

"ညောင်ပင်စောင့်နတ်မင်းကြီးခင်ဗျာ၊ ကျွန်တော့်ရဲ့ကိုယ်ခန္ဓာကို နတ်မင်းကြီးအား အပ်နှံပါတယ်ခင်ဗျား"

ဆိုပြီး မောင်လှက ပြောတာပေါ့။ အဲဒီတော့ မောင်မြက ပြောတယ်။

"ငါကတော့ ဘယ်သူ့ကိုမှမယုံဘူး။ ဘယ်သူ့ကိုမှ အားမကိုးဘူး၊ ငါ့ကိုယ်ငါပဲ အားကိုးတယ်။ ငါ့ကိုယ်ငါပဲ ပိုင်ဆိုင်တယ်"

အဲဒီလိုပြောပြီး သူငယ်ချင်းနှစ်ယောက်ဟာ ညောင်ပင်အောက်မှာ အိပ်စက်ကြတယ်။

ညဦးသန်းခေါင်ယံအချိန်ရောက်တော့ လူနံ့ရတဲ့အတွက် ကျားကြီးဟာ ညောင်ပင်အောက်မှာအိပ်နေတဲ့မောင်လှနဲ့ မောင်မြကိုကြည့်ပြီး ညောင်ပင်စောင့်နတ်ကို ခွင့်တောင်းတာပေါ့။

"နတ်မင်းကြီး၊ သင့်ရဲ့ညောင်ပင်အောက်မှာ အိပ်နေတဲ့ လူနှစ်ယောက်ကို ငါ စားချင်ပါတယ်။ ခွင့်ပြုပါ" လို့ ပြောလိုက်တယ်။ ဒီတော့ နတ်မင်းကြီးက–

"ဟယ်ကျား၊ အဲဒီလူနှစ်ယောက်ထဲက တစ်ယောက်က သူ့ရဲ့ခန္ဓာကိုယ်ကို ငါ့ဆီအပ်နှံထားသူဖြစ်လို့ ငါပိုင်တယ်။ တစ်ယောက်ကတော့ ဘယ်သူ့ကိုမှ မယုံဘူး။ အားမကိုးဘူး"ဆိုပြီး ငါ့ဆီ မအပ်လို့ ငါမပိုင်ဘူး၊ ငါပိုင်တဲ့သူကို ငါပေးပိုင်ခွင့်ရှိတယ်။ ငါမပိုင်တဲ့သူကို ငါပေးပိုင်ခွင့်မရှိဘူး၊ ဟောဟိုညာဘက်က လူကို အသင်ကျားအား စားခွင့်ပေးတယ်"

လို့ဆိုပြီး နတ်မင်းကြီးက သူ့ထံ ခန္ဓာကိုယ်အပ်နှံထားတဲ့မောင်လှကို ကျားလက်အပ်လိုက်သတဲ့။ နတ်မင်းကြီးကို ယုံကြည်အားကိုးမိတဲ့မောင်လှဟာ ကျားစားခံရပြီး သေဆုံးသွားတယ်။ ဒီပုံပြင်ကြောင့်–

"ကျားကြောက်လို့ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုး"ဆိုတဲ့ စကားပုံလေးဖြစ်ပေါ်လာတယ်။

ကလေးတို့လည်း ဘယ်အရာမဆို သူတစ်ပါးကို မယုံပါနဲ့။ နေရာတကာ သူတစ်ပါးကို အားမကိုးပါနဲ့။ လောကကြီးမှာ သူတစ်ပါးကိုသာ ယုံကြည်အားကိုးသူထက် ကိုယ့်အားကိုယ်ကိုးသူဟာ ကိုယ်စွမ်းကိုယ်စ ထက်မြက်ပြီး အောင်မြင်မှုတွေ ရတတ်ပါတယ်။

ဒီလအတွက် ပုံပြင်လေးက ဒီလောက်ပါပဲနော်။ ကလေးတို့ မိမိရဲ့ ဖွံ့၊ လုံ့လ၊ ဝီရိယအားထုတ်မှုတွေနဲ့ အောင်မြင်ကြပါစေကွယ်…။

သန္တာမြတ်သောင်း။

မျက်ရည်ခုနစ်စက်ရေအိုင်

ခွန်းချိုသံသာ

“စန္ဒကုမာရမင်းသားကလေး... လာပြီဟေ့”

“လာပြီဟေ့”

“လာပြီဟေ့...လာပြီဟေ့”

အော်သံက ပဲ့တင်ထပ်လို့။ အော်သံအဆုံးမှာ ရှေ့တည့်တည့်ရေအိုင်ကြီးထဲကရေတွေဟာ တပွက်ပွက်မြည်သံပေးပြီး ဆူဝေပွက်ထလာလေရဲ့။ ရေပလုံစီတွေ၊ ရေပူပေါင်းတွေ တစီစီနဲ့။ တော်တော်ကလေးကြာမှပဲ ရပ်သွားတော့တယ်။ အဲဒီလိုပဲ... စန္ဒကုမာရမင်းသားကလေးရဲ့နာမည်ခေါ်သံကို ကြားလိုက်ရတဲ့အခါတိုင်း ရေအိုင်ကြီးက ရေတွေပွက်ထလာပြီး သိသိသာသာ ထင်ထင်ရှားရှား အမှတ်လက္ခဏာပြလေ့ရှိတယ်။ စန္ဒာမုခီဘီလူးမင်းသားရဲ့ဝိညာဉ်က ကြားလို့ရေအိုင်ထဲကနေ ထပွက်ပြတာလို့ ယုံကြည်ကြတယ်။

အဲဒီရေအိုင်ကြီးဟာ ကချင်ပြည်နယ်၊ မိုးညှင်းမြို့ ညောင်ကုန်းကျေးရွာအုပ်စုဝင် "ဓာထား"ကျေးရွာအနီးက လယ်ကွင်းတစ်ခုထဲမှာ အခုထက်တိုင် အမှန်တကယ်ပဲ ရှိနေပါသတဲ့။

ရေအိုင်ကြီးကို အများက "မျက်ရည်ခုနစ်စက် ရေအိုင်"လို့ ခေါ်ကြလေရဲ့။

× × ×

ဟိုးရှေးရှေးအခါတုန်းက အခု မိုးညှင်းမြို့နယ်လို့ သတ်မှတ်ထားတဲ့ဒေသမှာ မင်းနေပြည်တော်ကြီးတစ်ခု တည်ရှိခဲ့ဖူးသတဲ့။ အလွန်တရာ စည်ပင်ဖွံ့ဖြိုးခဲ့တယ်ဆိုတာကိုး။ ပြည့်ရှင်မင်းကြီးမှာလည်း "စန္ဒကုမ္မာရ"လို့အမည်ရတဲ့ သားတော်လေးတစ်ပါး မွေးဖွားခဲ့တာမို့ အိမ်ရှေ့မင်းအရာထားပြီး အလွန့်အလွန် ချစ်မြတ်နိုးကြသတဲ့။

တစ်နေ့မှာတော့ အသားစားကြူး ဘီလူးမတစ်ဦးဟာ လှပချောမောလွန်းတဲ့မင်းသမီးကလေးတစ်ပါးအဖြစ် လူယောင်ဖန်ဆင်းပြီး နန်းတော်ကြီးထဲကို ရောက်လာခဲ့တယ်။ ဘယ်သူကမှ ဘီလူးမရယ်လို့ မရိပ်မိကြဘူး။ သာမန်ထက် ထူးကဲပြီး လှလွန်းတဲ့အတွက် ဘယ်မင်းညီမင်းသား၊ မှူးမတ်ကမှလည်း မပြစ်မှားရဲကြဘူး...တဲ့။ ဘုရင်ဧကရာဇ်တို့နှင့်သာ ထိုက်တန်သောအရာမို့ ဘုရင်ကြီးကို အပြေးအလွှား လျှောက်တင်ကြရတယ်။ "ဘုန်းတော်ကြောင့်... နတ်သိကြားတို့ဖန်ဆင်းစီရင်အပ်သော မြောက်ကျွန်းသူ သူယောင်မယ်တစ်ပါး အခစားရောက်ကြောင်းပါဘုရား။ မိဖုရားအဖြစ် သိမ်းပိုက်ပြီး ချီးမြှောက်လေမှ သင့်မြတ်မည့်အကြောင်းပါဘုရား"ဘာလားညာလား တွေပဲ ရှိမှာပေါ့လေ။ မင်းလိုလိုက် မင်းအကြိုက်ကိုပဲ ပြောကြလုပ်ကြရတဲ့ သာပေါင်ညာစားခေတ်ပေကိုး။

ကိုင်း...၊ ဘီလူးမက ဘုရင်အမြတ်နိုးဆုံးမိဖုရားလည်း ဖြစ်ကရော၊ နည်းအမျိုးမျိုးနဲ့ ပရိယာယ်မာယာကုန်သုံးပြီး ဘုရင်ကို ကုန်းချောကုန်းတိုက် ပြုပါလေရော။ မိဖုရားခေါင်ကြီးနဲ့တကွ ကျန်တဲ့မိဖုရားတွေ၊ မောင်းမမိသံ ခြွေရံသင်းပင်းတွေကို ဘုရင်ကြီးက ရာဇမာန်ရှ၊ မျက်လုံးတွေဖောက်ထုတ်ပြီး စုံလုံးကန်းဘဝတွေနဲ့ အိမ်နိမ့်စံဖြစ်ကြရသတဲ့လေ။ ဘီလူးမက အဲဒီမျက်လုံးတွေကို သူ့ဖခင်ဘီလူးကြီး စိုးစံနေတဲ့ ဘီလူးမြို့ကိုပို့ပြီး လျှို့ဝှက်တဲ့ ရဲတိုက်ကြီးတစ်ခုမှာ သိမ်းထားသတဲ့။ (အခုအချိန်အထိ မိုးညှင်းမြို့ရဲ့ မြောက်ဘက် ၅ မိုင်လောက်အကွာမှာ "ဘီလူး"လို့ အမည်ရှိတဲ့ ရောမရွာကြီးတစ်ရွာ ရှိနေဆဲပါ။)

ဘုရင်ကြီးက သူ့သားတော်စန္ဒကုမာရမင်းသားကလေးကိုတော့ သိပ်ချစ်ခင်မြတ်နိုးတဲ့အတွက် ဘီလူးမမိဖုရားက ဘယ့်နယ်မှ အပြစ်ရှာဒုက္ခပေးလို့ မရဘူး။ တဖြည်းဖြည်းနဲ့ မင်းသားလေးသာ အရွယ်ရောက်လာတယ်။ ဘီလူးမရဲ့ရန်က ဘေးမသီရန်မခ ပဲတဲ့။ အဲဒီတော့ ဘီလူးမက လုံးဝမကျေနပ်ဘူး။ မင်းသားလေးကို တစ်ချီတည်း အပြတ်ရှင်းပစ်နိုင်မယ့် အခွင့်အရေးကို ကျားချောင်းသလိုချောင်းနေခဲ့သတဲ့။

ဟော... တစ်နေ့တော့ မင်းသားလေးက သူ့ရဲ့ ရံရွေတော်တွေနဲ့ တောကစားထွက်ကြမယ်လုပ်တုန်း ဘီလူးမြို့မှာရှိတဲ့ သူ့ဖခင်ဆီကို သာကြောင်းမာကြောင်းရေးထားတဲ့ သဝဏ်လွှာနဲ့ ပူဇော်ကန်တော့စရာလက်ဆောင်ပဏ္ဏာတွေကိုဝန်ပို့ပေးဖို့အကူအညီ တောင်းတော့တယ်။ အမှန်တော့ အဲဒါက ဘီလူးမရဲ့ လှည့်ဖျားတဲ့ ဥပါယ်တံမျဉ်သက်သက်ပါ။ တကယ်တမ်း စာထဲမှာရေးထားတာက "အခု ဒီစာယူလာတဲ့ လူသားသူငယ်နဲ့ သူ့အပေါင်းအသင်းတွေကို သတ်စားပစ်လိုက်ပါ"လို့ ရေးထားတာပဲ။ လက်ဆောင်

အထုပ်တွေထဲမှာ ညညအခါ ဘီလူးမက နန်းတော်အပြင်ဘက်ထွက်ထွက်ပြီး မြို့သူမြို့သားတွေကို သတ်ဖြတ်စားသောက်ရာက ချန်ထားခဲ့တဲ့ အသည်းနှလုံးတွေကို မပုပ်မသိုးအောင် ဆေးရည်စိမ်ထားတဲ့ ဖန်ဘူးတွေချည်းပဲတဲ့။ ကောက်ကျစ်လိုက်တဲ့ဘီလူးမပဲနော်။

မင်းသားလေးကတော့ ဘာသိမှာတုန်း။ ဖခင်ဘုရင်ကြီးကလည်း "သားတော်ရယ်... လမ်းလည်းကြုံနေတာပဲ။ ယူသွားလိုက်ပါ။ ပြီးတော့ သားတော်ရဲ့အဘိုးကိုလည်း ကိုယ်တိုင်တွေ့ပြီး ပူဇော်ကန်တော့လိုက်ပါကွယ်"လို့ တိုက်တွန်းနေတာကိုး။ သားကောင်းသမီးမွန်ဆိုတာ မိဘရဲ့စကားဆိုရင် ပယ်ရှားရရိုး မရှိဘူးလေ။ ဟုတ်စ။ အဲဒီတော့၊ မင်းသားလေးခမျာ သူ့ရဲ့ဘေးရန်အန္တရာယ်ကို မသိရှာဘဲ စာရယ်၊ လက်ဆောင်ပဏ္ဏာတွေရယ်ကို သယ်ဆောင်ပြီး ရွှေနန်းတော်က ထွက်လာခဲ့ကြတယ်။

"ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ"တဲ့။ တရားကိုစောင့်ရှောက်သူအား တရားက ပြန်လည်စောင့်ရှောက်စမြဲပဲ။ စိတ်ကောင်းနှလုံးကောင်း မွေးပြီးဘာသာတရားကို လေးမြတ်ကိုင်းရှိုင်းတတ်တဲ့ မင်းသားကလေးဟာ ကံကောင်းထောက်မစွာနဲ့ပဲ ခရီးလမ်းအကြား လမ်းခုလတ်က မဟာမြိုင်တောကြီးထဲမှာရသေ့ကျောင်းသင်္ခမ်းကလေးကိုတွေ့သတဲ့။ရသေ့ကြီးကို ရိုသေတုပ်ကွ ပြုစုလုပ်ကျွေးကြပြီး မောမောပန်းပန်းနဲ့ အိပ်ပျော်သွားခဲ့ကြတယ်ကိုး။



ရသေ့ကြီးက သူ့ရဲ့အဘိညာဉ်တန်ခိုးနဲ့ ဘီလူးမရဲ့စာနဲ့ လက်ဆောင်ပဏ္ဏာတွေဟာ ဘာတွေလဲဆိုတာကိုသိတယ်။ အဲဒီတော့ ဘီလူးမရဲ့စာကို သူ့ရဲ့အဘိညာဉ်တန်ခိုးနဲ့ပဲ "ဤသူငယ်ကို ရောက်ရောက်ချင်း သမီးတော်နဲ့ ထိမ်းမြားပေးလိုက်ပါ"လို့ ပြင်ပေးလိုက်သတဲ့။ မသတီစရာ လူ့အသည်းနှလုံးတွေနေရာမှာလည်း ဗုဒ္ဓပိဋကတ်တော်ထဲက ကောင်းနိုးရာရာအဆုံးအမပါဠိတော်တွေရေးသားပူဇော်ထားတဲ့ ရွှေပုရပိုက်တွေအဖြစ် ပြောင်းလဲပေးလိုက်သတဲ့။ ကောင်းတဲ့ကံတွေ အားကြီးလွန်းတဲ့အခါ ဆိုးတဲ့ကြံမှာတွေဟာ အလိုလို ပျက်ပြယ်စမြဲပေကိုး။

မင်းသားလေးတို့တစ်တွေ အိပ်ရာက နိုးကြတဲ့အခါ ဘီလူးမြို့ဆီ ခရီးဆက်ခဲ့ကြပြီး စာနဲ့ လက်ဆောင်ပဏ္ဏာတွေကို ပေးလိုက်ကြသတဲ့။ ဘီလူးမင်းကြီးကသိပ်သဘောကျတာပဲတဲ့။ စာထဲကအတိုင်း ဘီလူးမင်းသမီးကလေး စန္ဒမုခိနဲ့ ခမ်းခမ်းနားနား ထိမ်းမြားလက်ဆက်ပေးတဲ့အပြင် ဘီလူးမြို့ကိုပါ အပိုင်စားဖို့ပေးအပ်လိုက်ပါသတဲ့။ နို့ပေတဲ့၊ သိတဲ့အတိုင်း လူနဲ့ဘီလူး ဘဝချင်း၊ သဘာဝချင်း၊ ဓလေ့စရိုက်ချင်းမှမတူတာပဲ။ မင်းသားလေးဟာ ဘီလူးမင်းသမီးကို နှစ်နှစ်ကာကာမြတ်နိုးချစ်ခင်မှုမရှိဘူး။ကြောက်ကြောက်နဲ့ ပေါင်းသင်းနေရရှာတာ။ ဘီလူးမင်းသမီးကလေးကတော့ ရှေးရေးဘဝက ရေစက်ပဲနဲ့တူပါရဲ့ မင်းသားကလေးကို ချစ်လိုက်တာများ တုန်လို့တဲ့။

ဘယ်လောက်တောင်ချစ်လိုက်သတဲ့လဲဆိုရင် ဘီလူးနန်းတော်ကြီးရဲ့ လျှို့ဝှက်ချက်မှန်သမျှတွေကို ဖော်ထုတ်ပြောပြသတဲ့။ မင်းသားလေးရဲ့လက်ကိုဆွဲပြီး နန်းတော်ထဲအနှံ့ လိုက်ပြရှာသတဲ့။ သူ့စိတ်ထဲမှာ မင်းသားကလေးက သူနဲ့ သေတပန်သက်တဆုံး အတူတူရှိနေတော့မယ်လို့ပဲ ထင်နေရှာတာကိုး။

မင်းသားလေးကလည်း အကြံနဲ့ပဲ။ သူသိသမျှတွေကို သတိနဲ့မှတ်ထားသတဲ့။ သူ့ရဲ့မယ်တော်နဲ့ တကွ တခြားမိဖုရားတွေ၊ မောင်းမမိဿံ ခြွေရံသင်းပင်းတွေရဲ့မျက်လုံးတွေကိုပြန်ပြီးတပ်တဲ့အခါသုံးရတဲ့ ဘီလူးမျက်ပြူးဆေးရည်ကြည်စတာတွေကို မြင်ရတဲ့အခါ ဝမ်းနည်းလွန်းလို့ မျက်ရည်များတောင် လည်မိသတဲ့။ အဲဒီလောက် ရက်စက်ယုတ်မာတဲ့ ဘီလူးသားအမိတွေကို တစ်နေ့နေ့မှာ လက်စားချေမဟဲ့လို့လည်း စိတ်ထဲကြိတ်ပြီး အဓိဋ္ဌာန်ထားတယ်ဆိုကိုး။ မီးဂမုန်း၊ ရေဂမုန်း၊ တောင်စဉ်ခုနစ်သွယ်ဂမုန်း စတဲ့ အလွန်တန်ခိုးကြီးတဲ့ဂမုန်းပင်အမျိုးမျိုး ထားရှိရာ "ဣစ္ဆာသယဂမုန်းဉယျာဉ်"ကြီးထဲကို လိုက်ပြတဲ့အခါမှာလည်း ဘီလူးမင်းသမီးကလေးမသိအောင် အဲဒီဂမုန်းရွက်တွေကို ခိုးပြီး ခူးလာခဲ့သေးသတဲ့။

တစ်နေ့တော့ စန္ဒမုခိဘီလူးမင်းသမီးကလေးဟာ နှစ်စဉ်ကျင်းပတဲ့ နတ်သဘင်အစည်းအဝေးကို သွားရမယ်။ ခါတိုင်းခါဆိုရင် အဲဒီအချိန်မှာ ဘီလူးမြို့ထဲက လူသားသတ္တဝါတွေကို အိပ်မွေ့ချဆေးတွေတိုက်ပြီး ဘီလူးမြို့ထဲက လူသားသတ္တဝါတွေကို အိပ်မွေ့ချဆေးတွေတိုက်ပြီး ဘီလူးကျော့ကွင်းနဲ့ ချည်နှောင်ထားခဲ့ကြတာဟာဖြင့် ထုံးစံပဲ။ နို့ပေတဲ့ ဘီလူးမင်းသမီးကလေးက ဒီလိုမလုပ်ရက်ဘူး။ သူကလေးက လူသားမင်းသားကလေးကို သိပ်ချစ်ရှာတာကိုး။ "မောင်တော်ရယ်၊ သုံးရက်ပဲ ကြာမှာပါ။ ဒီရက်ထဲမှာ နန်းတော်ကြီးထဲမှာပဲ ပျော်ပျော်နေရစ်ခဲ့ပါ။ တခြား ဘယ်ကိုမှ ထွက်မသွားပါနဲ့။ အန္တရာယ်များလှပါတယ်" လို့ပြောပြီး လွတ်လွတ်လပ်လပ်ထားကာ နတ်သဘင်ပွဲကို သွားရှာသတဲ့။ ဒါပေမဲ့ နန်းတော်တစ်ဝိုက်က ဂမုန်းနတ်နွယ်ရှင်တွေကိုဖြင့် အသက်သွင်းပြီး စောင့်ကြည့်နေဖို့ တာဝန်ပေးခဲ့လေရဲ့။

မင်းသမီးကလေးလည်းထွက်သွားရော မင်းသားဟာ သူ့မယ်တော်ရဲ့ မျက်လုံးတွေနဲ့ ဘီလူးမျက်ပြူးဆေးရည်ဘူးကိုရော၊ တန်ခိုးရှိတဲ့ နတ်ဆေးဂမုန်းပင်တွေကိုရော ခိုးယူပြီး နန်းတော်ထဲက ထွက်ပြေးတော့တာပဲ။ ဘီလူးမင်းသမီးကလေးရဲ့ အစောင့်အရှောက် ဂမုန်းနက်နွယ်ရှင်တွေက မြင်သတဲ့။ ဒါပေမဲ့လို့ သူတို့လည်း ဘာမှ မတတ်နိုင်ဘူး။ မင်းသားလေးဆီမှာ သူ့ထက်တန်ခိုးကြီးတဲ့ နတ်ဆေးဂမုန်းပင်တွေက ရှိနေပြီကိုး။ အဲဒီတော့ လွတ်သွားရော ဆိုကြပါစို့။

နတ်သဘင်အစည်းအဝေးက ပြန်လာတဲ့ မင်းသမီးကလေးဟာ လူမင်းသား ထွက်ပြေးသွားပြီဆိုတာ သိတဲ့အခါ သူ့ရဲ့စိတ်သည်မိုလ်ပါတွေနဲ့ အပြေးလိုက်ကြတာပေါ့။



မီလုမီခင်ရောက်တဲ့အခါ မင်းသားက မီးဂမုန်းကို ပစ်ချလိုက်တယ်။ သူတို့တွေရဲ့ ကြားမှာ မီးတောက်မီးလျှံတံတိုင်းကြီး ခြားသွားလေရဲ့။ မီးလည်းငြိမ်းရော ဘီလူးမင်းသမီးကလေးတို့က အတင်းလိုက်ကြပြန်တာပဲ…တဲ့။ သိပ်နီးလာပြန်တဲ့အခါ မင်းသားက ရေဂမုန်းကိုပစ်ချလိုက်တော့ အင်မတန်ကျယ်ပြောတဲ့ ရေပြင်ကျယ်ကြီး ပေါ်လာပြန်သတဲ့။ အဲ့သလိုနဲ့ မင်းသားကလေးက သူနဲ့အတူ ပါလာခဲ့တဲ့ နတ်ဆေးဂမုန်းတွေကို တစ်မျိုးပြီးတစ်မျိုး ပစ်ချပြီး ဟန့်ထားခဲ့လေတော့ မင်းသမီးနဲ့ သူ့ရဲ့ ဘီလူးစစ်သားတွေဟာ ဘယ်လိုမှ မတတ်နိုင်ကြဘဲ လွတ်မြောက်သွားကြပါလေရောတဲ့။

စန္ဒမုခိ ဘီလူးမင်းသမီးကလေးဟာ ယူကျုံးမရ ဝမ်းနည်းရှာလွန်းလို့ မျက်ရည်တွေ ကျလာတော့တယ်။မျက်ရည်က အများကြီးလည်းမဟုတ်ဘူး။ခုနစ်စက်တည်းပဲ…တဲ့။ အဲဒီမျက်ရည် ခုနစ်စက်ကနေ ပွားပွားလာလိုက်တာ အင်မတန်ကြီးမားတဲ့ ရေအိုင်ကြီး ဖြစ်လာသတဲ့။ ဘီလူးမင်းသမီးလေးလည်း ရင်ကွဲနာကျပြီးသေရှာတယ်။ ရေအိုင်ကြီးကိုတော့ မျက်ရည်ခုနစ်စက်ရေအိုင်လို့ ခေါ်ကြတယ်။ မင်းသမီးလေးရဲ့ ဝိညာဉ်ဟာအဲဒီရေအိုင်ကြီးရဲ့ဟိုးအောက်ခြေမှာရှိနေသတဲ့။ "စန္ဒကုမ္မာရမင်းသားလာပြီဟေ့…"လို့ တစ်ယောက်ယောက်က အော်လိုက်ရင် ဘီလူးမင်းသမီးကလေးရဲ့ဝိညာဉ်ဟာ ဟုတ်လိမ့်နိုးနိုးနဲ့ ရေအိုင်မျက်နှာပြင်ပေါ်ကို အတင်းထိုးထိုးပြီး တက်လာတတ်သတဲ့။ အဲဒါကြောင့် ရေအိုင်ကြီးမှာ ရေပလုံစီတွေ၊ ရေပူပေါင်းတွေ ပွက်ထလာတာလို့ လူအများက ယုံကြည်ကြတယ်။

လူမင်းသားကလေးဟာ နေပြည်တော်ကို ပြန်ရောက်တဲ့အခါ နန်းတော်ထဲမှာ လူယောင်ဖန်ဆင်းပြီး အန္တရာယ်ပေးနေတဲ့ ဘီလူးမကို သုတ်သင်လိုက်တယ်။ ဘီလူးမြို့ကနေ ပြန်ယူလာခဲ့တဲ့ မျက်လုံးတွေကိုလည်း သူ့မိခင်မိဖုရားအပါအဝင် မောင်းမမိဿံအခြွေအရံတွေကို ပြန်တပ်ဆင်ပေးလိုက်တဲ့အခါ မျက်စိပြန်မြင်လာကြသတဲ့။

အဲဒီအဖြစ်အပျက်ကလေးဖြစ်ခဲ့တာကဖြင့် ကြာပါပြီ။ ဒါပေမဲ့ အဲဒီမျက်ရည်ခုနစ်စက်ရေအိုင်ကြီးကတော့ဖြင့် ဒီကနေ့အထိ ကချင်ပြည်နယ်၊ မိုးညှင်းမြို့ ညောင်ကုန်းကျေးရွာအုပ်စု၊ "ဓာထား"ကျေးရွာအနီးမှာ ရှိနေတုန်းပဲ…တဲ့။ "စန္ဒကုမ္မာရမင်းသားကလေးလာပြီဟေ့"လို့ အော်သံကြားရင် ရေပလုံစီတွေ၊ ရေပူဖောင်းတွေ ပွက်ထလာနေတုန်းပဲ…တဲ့။

ကဲ – မယုံတဲ့သူတွေ ကိုယ်တိုင်သာ သွားကြည့်ကြပေရော့…

ချစ်ခြင်းအားဖြင့်
ခွန်းချိုသံသာ

ဖြေနိုင်လျှင် စားပါ

နန္ဒာဘုန်းနွယ်(မြောင်းမြ)



ရှေးတုန်းက ဗာရာဏသီပြည်မှာ သုစိကအမည်ရှိတဲ့ သူကြွယ်တစ်ယောက်ရှိတယ်။ မိဘအမွေရလို့ ချမ်းသာတဲ့သူပေါ့။ ပစ္စည်းဥစ္စာတွေကိုကြည့်ပြီး သေတဲ့သူတွေ ယူမသွားနိုင်တာကိုတွေ့ရတော့ သူဌေးသားက ထိတ်လန့်တုန်လှုပ်သွားတယ်။ ပစ္စည်းတွေကို နှစ်ပုံပုံပြီးတစ်ပုံကို ဗာရာဏသီမင်းကို အပ်နှင်းလှူဒါန်းတယ်။ တစ်ပုံကို ဆွေမျိုးတွေကို ပေးကမ်းစွန့်ကြဲပြီး ဟိမဝန္တာတောသို့ တောထွက်ခဲ့တယ်။ ရသေ့ဝတ်ပြီး တရားအားထုတ်တဲ့အတွက် စျာန်အဘိညာဉ်တွေ ရရှိခဲ့တယ်။

သုစိကရသေ့ဟာ ဟိမဝန္တာတောထဲမှာ စျာန်ချမ်းသာကို နှစ်ပေါင်းများစွာ ခံစားနေခဲ့တယ်။ သူ့ကျောင်းသခ်နံးရဲ့ အရှေ့ဘက်မနီးမဝေးမှာ ပညောင်ပင်ကြီးတစ်ပင်ရှိတယ်။ ကျီးငှက်လောက် ကိုယ်လုံးရှိတဲ့ နံကောင် တစ်ကောင်ကလည်း ပညောင်ပင်ရင်းမှာ အေးအေးချမ်းချမ်း နေထိုင်တယ်။

မျိုင်းတစ်ကောင်က အသိုက်ကထွက်ပြီး အစာရှာတဲ့အချိန်မှာ အစာမရလို့ ပညောင်ပင်မှာ လာနားတယ်။ ဟိုဟိုသည်သည် လှည့်ပတ်ကြည့်တဲ့အချိန်မှာ နံကောင်ကိုတွေ့ရော။ "ငါအစာရပြီ" ဆိုတဲ့အကြံနဲ့ နံကောင်ကို သွားပြီးပြောတယ်။

"နံကောင် . . . ငါအစာရှာထွက်လာရာ အစာမရခဲ့ဘူး။ ယခု သင့်ကို တွေ့ရတဲ့အတွက် ငါအစာရပြီး သင့်ကိုငါစားအံ့"

မျိုင်းရဲ့စကားကို ကြားတဲ့အချိန်မှာ နံကောင်ဟာ ထိတ်လန့်တုန်လှုပ်သွားတယ်၊ စိတ်ထဲကလည်း ကြံစည်စဉ်းစားတယ်။

"ဒီမျိုင်းဟာ ဆာလောင်မွတ်သိပ်နေလို့ ငါ့ကို စားချင်နေတယ်။ တစ်စုံတစ်ရာမပြုလုပ်ရင် ငါအစားခံရမှာပဲ၊ နည်းလမ်းဥပါယ်တံမျဉ်ကြံဆောင်ပြီး အသက်ဘေးမှလွတ်အောင်လုပ်ရမယ်"

ဒီနောက် နံကောင်ကို မျိုင်းကပြောတယ်။

"အသင်မျိုင်း သင်က ငါ့ကိုစားမယ်လို့ပြောတယ်၊ သင် ဘယ်လောက်တတ်သိနားလည်ပါသလဲ၊ ဘာမျှ မသိဘဲ စားလျှင် သင့်ဦးခေါင်းခုနစ်စိတ်ကွဲလိမ့်မယ်"

"အို . . . နံကောင် သင့်ကိုစားမယ်လို့ပြောနေပါလျက် မကြောက်မရွံ့ပြောဆိုနေခြင်းမှာ သင်ကရော အဘယ်မျှ တတ်သိနားလည်ပါသလဲ"

"အသင်မျိုင်း သင့်ကို မေးခွန်းလေးခွန်းမေးပါမယ်၊ ဖြေနိုင်လျှင် စားပါ၊ မဖြေနိုင်ဘဲ စားပါက သင့်ဦးခေါင်း ခုနစ်စိတ်ကွဲလိမ့်မယ်"

"အို . . . နံကောင် မေးသာမေးပါ၊ ဖြေနိုင်လျှင် သင့်ကို စားပါမယ်"

"အသင်မျိုင်း... ပထမမေးခွန်းမှာ တစ်ခုသောအရာသည် တင့်တယ်လှပ၏၊ အခြားတစ်ပါးတို့ထက် အလွန်တင့်တယ်လှပ၏။ ထိုအရာကား အဘယ်နည်း"

"ထိုအရာသည် စန္ဒာလမင်း ဖြစ်ပါသည်"

"အသင်မျိုင်း အဖြေမမှန်ပါ။ ဒုတိယမေးခွန်းမှာ အလွန်သိမ့်မွေ့နူးညံ့၏။ အခြားတစ်ပါးတို့ထက် သာလွန်၍ သိမ်မွေ့နူးညံ့၏။ ထိုအရာကား အဘယ်နည်း"

"ထိုအရာကား ဝါဂွမ်းဖြစ်ပါသည်"

"အသင်မျိုင်း အဖြေမမှန်ပါ။ တတိယမေးခွန်းမှာ ဝေးကွာ၏၊ အလွန်ဝေးကွာ၏၊ ထိုအရာကား အဘယ်နည်း"

"အို နံကောင် မဆုံးနိုင်သောလမ်းခရီး ဖြစ်ပါသည်"

"အသင်မျိုင်း အဖြေမမှန်ပါ။ စတုတ္ထမေးခွန်းမှာ တစ်ခုသောအရာသည်မရှိ၊ လုံးဝမရှိ၊ ထိုအရာကား အဘယ်နည်း"

"အို နံကောင် သေခြင်းတရားဖြစ်ပါတယ်၊ သေတဲ့အချိန်မှာ ထွက်သက်ဝင်သက်လုံးဝမရှိပါ"

"အသင်ဗျိုင်း– သင်အဖြေမမှန်ပါ။သင် ဘာတစ်ခုမျှ မှန်အောင် မဖြေဆိုနိုင်ပါ။ မှန်အောင်မဖြေဆိုနိုင်ဘဲ ကျွန်ုပ်အသားကိုစားလျှင် သင်၏ဦးခေါင်း ခုနစ်စိတ်ခုနစ်ဖြာ ကွဲပါလိမ့်မယ်၊ ဒီအနားမှာ ဆရာရသေ့ရှိပါတယ်။ ရသေ့ထံ မေးလျှောက်ပါ့မယ်၊ ဆရာရသေ့၏ အဖြေသည် သင်၏အဖြေနှင့်တူလျှင် ကျွန်ုပ်ကို ရသေ့ရှေ့မှာပင် စားပါ"

ဗျိုင်းက နံကောင်ပြောစကားကို လက်ခံပြီး ရသေ့ထံ သွားကြတယ်၊ နံကောင်က ဖြစ်ပျက်ပုံအလုံးစုံကို လျှောက်ထားတယ်၊ မေးခွန်းလေးခုရဲ့အဖြေကိုလည်း ဖြေကြားပေးပါရန် လျှောက်ထားတယ်။

"အိုနံကောင် သင်၏မေးခွန်းကို တစ်ခုစီပြောပါလော့"

နံကောင်က ပထမမေးခွန်းနှင့် ဗျိုင်း၏အဖြေကို ပြောပြလျှောက်ထားတယ်။

"အို နံကောင်နှင့်ဗျိုင်းတို့ ပထမမေးခွန်းရဲ့အဖြေမှာ သီလစင်ကြယ်ခြင်းကို လုပတင့်တယ်ခြင်းလို့ ဆိုလိုပါတယ်။ ငါးပါးသီလနှင့်ပြည့်စုံ၍ စင်ကြယ်ခြင်းသည် လုပတင့်တယ်၍ ရှစ်ပါးသီလနှင့် ပြည့်စုံစင်ကြယ်ခြင်းသည် အလွန်လုပတင့်တယ်လှပါပေတယ်၊ ဒုတိယ မေးခွန်းကို ပြောပါလော့"

နံကောင်က ဒုတိယမေးခွန်းနှင့် ဗျိုင်း၏အဖြေကို လျှောက်ထားတယ်။

"လောကမှထွက်မြောက်သော လောကုတ္တရာတရားတွင် နူးညံ့သိမ်မွေ့၍ ပရိယတ္တိဓမ္မကား ထို့ထက်ပင် ပို၍ နူးညံ့သိမ်မွေ့ပါသည်။ နောက်ထပ်မေးခွန်းကို ပြောပါဦးလော"

နံကောင်က တတိယမေးခွန်းနှင့် ဗျိုင်း၏အဖြေကို လျှောက်ထားတယ်။

"သူတော်ကောင်းတရားနှင့် သူယုတ်မာတရားဖြစ်ပါတယ်။ သမုဒ္ဒရာ၏ ဟိုဘက်ကမ်းနှင့် ဒီဘက်ကမ်းဝေးသလို မိုးနှင့် မြေကြီးသည်လည်း အဆရာထောင်မက ဝေးသလို သူတော်ကောင်းတရားနှင့် သူယုတ်မာတရားသည်လည်း အလွန်ကွာဝေးလှပါတယ်။ နောက်ဆုံး မေးခွန်းကို ပြောပါဦးလော့"

နံကောင်က စတုတ္ထမေးခွန်းနှင့် ဗျိုင်း၏အဖြေကို လျှောက်ထားသည်။

"ဘုရားရဟန္တာတို့၏ ကိလေသာကုန်ခမ်းခြင်းကို မရှိခြင်းဟု ဆိုလိုပါတယ်။ ဘုရားရဟန္တာတို့ ပရိနိဗ္ဗာန်စံဝင်သောအခါ လုံးဝမရှိတော့ပါ"

"အဆွေဗျိုင်း– ပညာရှိရသေ့ကြီးရဲ့အဖြေကို ကြားပြီမဟုတ်လား၊ သင်၏အဖြေနှင့်ကိုက်ညီပါသလော၊ သင့်အဖြေမမှန်ဟု ကျွန်ုပ်ဆိုခဲ့တယ်၊ သင်ကျွန်ုပ်ကို စားလိုက စားပါ"

"အသင်နံကောင်၊ သင့်ကို မစားလိုတော့ပါ"

"အသင်ဗျိုင်း သင်သည် ဒီနေ့မှစ၍ မသင့်လျော်သောအစားအသောက်ကို မစားဘဲ သင့်လျော်သည့် အစားအစာတို့ကိုသာ စားသောက်ပါလော့"ဟု ရှင်ရသေ့က ဆုံးမခဲ့တယ်။

လောကမှာ အသိပညာဉာဏ်ဗဟုသုတရှိလျှင် "ကိုယ်ရေးကြုံက သက်လုံကောင်း"ဆိုသကဲ့သို့ မိမိရဲ့ အသက်အန္တရာယ်မှပင် လွတ်မြောက်နိုင်ကြောင်း စံနမူနာယူနိုင်ကြစေဖို့ လိုအပ်လှပါတယ်။

အသိပညာဗဟုသုတ ရှာမှီးနိုင်ကြပါစေ။

နန္ဒာဘုန်းနွယ်(မြောင်းမြ)

ကာတွန်း
တစ်ရံရောအခါက စည်ပင်သာယာသော ရွာကြီးတစ်ရွာရှိ၏
ကျောင်းရှိပြီး ကျောင်းထိုင်မည့်သူ မရှိပါလား
ထိုရွာတွင် ပစ္စည်းဥစ္စာ ပြည့်စုံ ကြွယ်ဝသော သူဌေးတစ်ဦး ဆောက်လုပ် လှူဒါန်းသည့် ကျောင်းတစ်ကျောင်းရှိ၏ ။


ကျောင်းရှိပြီး ဘုန်းကြီး မရှိက ကျောင်းလည်း မတင့်တယ်...
ရွာလည်း မတင့်တယ်သဖြင့်
တပည့်တော်ရဲ့ ရွာမှာ ကျောင်းထိုင် ပေးပါဘုရား
ဘုန်းကြီး တစ်ပါးကို ရွာဖွေပင့်ဆောင်ကာ ကိုးကွယ် ဆည်းကပ်ကြပေ။
ကြွပါ ဘုရား

ထိုသို့နေ၍ တစ်လခန့် ကြာသောအခါ...
အင်း ငါတော့ ဒီဘုန်းကြီးကို မကြည်ညိုချင်တော့ဘူး
ဆက်ပြီးကိုးကွယ် ချင်စိတ်တောင် မရှိ တော့ဘူး...
သို့ဖြင့် ဟန်မပျက် ဆက်၍ ကိုးကွယ်ရှာသာ နေရလေ တော့၏ ။
မိန်းမ သိလို့တော့ မဖြစ်ဘူး..

ထို့အတူပင် ကျောင်းကို မပြတ် ဆွမ်းပို့နေသော သူဌေးကတော် ကလည်း
ဆွမ်းသာ ပို့နေရတာ စိတ်ထဲက တယ်မပါလှဘူး
တစ်လခန့် ဆွမ်းပို့ပြီး သောအခါ ဘုန်းကြီးအား မကြည်ညိုတော့ သဖြင့် ဆွမ်းပို့ချင်စိတ်ကုန်ခန်း လာ၏ ။
အင်း ယောကျ်ားပင့်လာတဲ့ ဘုန်းကြီးမို့ ဟန်မပျက် ဆက်ပို့နေရဦး မှာပဲ...


သူ့ရှေ့ လင်မယား ကဲ့သို့ပင် ကျောင်းထိုင် ဘုန်းကြီးလည်း နေသော ရွာနီးမှာလည်း...
တစ်လောင် ဒီပြီ ဒီကျောင်းမှာ နေရတာ တစ်စိမှ မပျော်ဘူး
မတတ် နိုင်ဘူး ကြိတ် မှိတ်နေရ တော့မှာပဲ..
တစ်နေ့ ထိုကျောင်းဒကာမ၏ သားလေး မြွေကိုက် ခံရလေရာ...
ဒကာမလေး ဖြစ်မှ ဖြစ်ရလေ သားရဲ့ ပါပြီဟီး


မြွေဆိပ်က တော်တော်ပြင်းတယ် ကျုပ်လည်း မနိုင်တော့ဘူး..
မဖြစ်ဘူး ဆရာ လက်လျှော့ပြီ ကလေးကို ဘုန်းကြီးဆီ အမြန်သယ်ကြ...
ဘာကိစ္စလဲ ဒကာကြီး ကလေး ဘာဖြစ်တာလဲ...
တပည့်တော် သားလေး မြွေကိုက် ခံရလို့ပါဘုရား...

မြေ
သစ္စာနဲ့ မရ
ဘူးလား ..
မှန်ပါ
သစ္စာတွေလက်လျှော့ပြီး
အရှင်ဘုရားဆီ ယူလာ
တာပါ ဘုရား
ဘုန်းကြီးမှ
ဆေးမရတတ်
ပဲ...
သစ္စာပြုပြီးကရင်
မြေလေးလို့ပါ ဘုရား
အဲဒါ
ကောင်းတယ်
ဒကာကြီး သစ္စာ
ဆိုပေတော့

တပည့်တော်မ
ကျောင်းကို အရှင်ဘုရားအား
လှူဒါန်းပြီးနောက် တစ်လ
လောက်သာ အရှင်ဘုရားကို
ကြည်ညိုပါသည် ။
တစ်လကျော်
ချိန်မှစ၍ အရှင်ဘုရား
ကို ကြည်ညိုစိတ်
မရှိတော့ပါဘုရား
ဤစကားမှန်ပါက
တပည့်တော်မ သား
မြွေဆိပ် ပြယ်ပါစေ
ဘုရား ...


ဟော သစ္စာ မှန်လို့ တကယ် ကလေး လှုပ်လာပြီ...
တပည့်တော် မလည်း သစ္စာ ဆိုမယ် ဘုရား
တပည့်တော်မလည်း ခင်ပွန်းသည် နှင့် တူ တစ်လလောက်သာ ကြည်ညို မှုဖြင့် ဆွမ်းဝတ်ပြု၍ ဖျော့ကြိုးနိုးခဲ့ပါသည်။



တစ်လကျော်ချိန်
မှစ၍ကြည်ညိုစိတ်
မရှိတော့ပါ
ဤစကား
မှန်ပါက သားငယ်
ကိုယ်မှ အဆိပ်များ
ပြယ်ပါစေ ဘုရား
ဤသို့ သစ္စာ ဆိုချင်
သားငယ်ဖေါ် အရှည်အသင်း
မှာကြည်လင်လာပြီး
တစ်ဖက်သို့ စောင်းငဲ့လေ၏
ဘုန်းကြီးကလည်း
ကျုပ်လည်း
သစ္စာဆိုမယ်


ဘုန်းကြီးသည် အဘကြီးတို့ ပျုဒြိနိုးသော ရွာကျောင်းတွင် တစ်ညခန့်သာ သီတင်းသုံး နေထိုင် လိုက်ရှိပါသည်။
နောက်တွင်သီတင်း သုံးလိုက် မရှိတော့ပဲ သည်းခံ၍ နေခဲ့ရပါသည်
ရွာမကောင်းမှုနိုင်ပါက သူငယ်ဖျော် ကိုယ်မှ အဆိပ်များပြယ်ပါစေ


ဘုန်းကြီး၏ သစ္စာဓိဋ္ဌာန် အဆုံး၌ ကျောင်းဒကာမ၏ ကလေးသည် မြွေဆိပ်များ ပျောက်သွားပြီး ပကတိ ကျန်းမာစွာ ပြုံးရွှင်စွာ ထထိုင်လေသတည်း ။
ဟား
ငါ့သား အသက်ပြန်ရှင် လာပြီတော့
ရွှင်လန်း ချမ်းမြေ့ကြပါစေ...
ကာတွန်း
ဝင်းမြင့်အောင်

အဘိုးအိုနှင့် ပန်းပျိုးသူ

ဖိုးဖိုး(ဆေးဝါးတက္ကသိုလ်)

တစ်ခါတုန်းက ရွာတစ်ရွာရှိတယ်။ ရွာသားအားလုံးက ရိုးရိုးသားသားနဲ့ ဝမ်းရေးအတွက် စီးပွားရှာကြတယ်။ သူတို့အားလုံးမှာ တူညီတဲ့စိတ်ကူးတစ်ခုရှိကြတယ်။ အဲဒါက ရွာထိပ်က တောင်ကုန်းလေးပေါ်မှာ စေတီတစ်ဆူ တည်ထားချင်ကြတာပါ။ တစ်နေ့မှာ ရွာသူကြီးက မောင်းခတ်ခေါ်လိုက်တယ်။ “အားလုံးသိကြတဲ့အတိုင်း . . . ကျုပ်တို့မှာ ဆန္ဒတစ်ခုရှိနေကြတယ်။ ဘယ်လိုနည်းနဲ့ အကောင်အထည်ဖော်ကြမလဲဆိုတာ တိုင်ပင်ရအောင် အားလုံးကို ခေါ်လိုက်တာပါ”

“ရွာဦးကျောင်းက ဆရာတော်ဘုရားထံမှာ လိုအပ်ချက်တွေကို အရင်ဆုံး သွားရောက်မေးမြန်းလျှောက်ထားသင့်တယ်”လို့ ရွာသားတစ်ဦးက အဆိုပြုပါတယ်။ ဒီအကြံပြုချက်ကို အားလုံးက သဘောတူလက်ခံတယ်။ ဘုန်းကြီးကျောင်းအောက်ထပ်မှာ ကိုရင်လေးတစ်ပါးကို တွေ့ဆုံမိပြီး ဆရာတော်ဘုရားအား ဖူးတွေ့လိုကြောင်း လျှောက်တင်ကြတယ်။

“ကဲ ရောက်လာတဲ့ကိစ္စကို လျှောက်စမ်းပါဦး”

“တောင်ကုန်းလေးပေါ်မှာ ရွာဦးစေတီတည်ချင်လို့ပါဘုန်းဘုန်းဘုရား။”

ရွာသူရွာသားများက လျှောက်တင်ကြပါတယ်။

စေတီတော်တည်ထား ကိုးကွယ်နိုင်အောင် လိုအပ်တဲ့အရာများကို ဆရာတော်ဘုရားက မိန့်ကြားတော်မူပြီးနောက် ဆိုင်ရာလုပ်ငန်း တာဝန်များကို

ရှာသူ၊ ရှာသားအပေါင်းတို့က အသီးသီး ခွဲဝေယူကြတယ်။ နောက်တစ်နေ့နံနက်ခင်းမှာ သတ်မှတ်ထားတဲ့အလုပ်တာဝန်ကို အားလုံးက မခိုမကပ်ဘဲ လုပ်ဆောင်ကြတယ်။ လုပ်အားဒါနပေးလှူပွဲမှာ မိသားစုတစ်စုလည်း ပါဝင်တယ်။ မိဘနစ်ပါးနှင့်အတူတူ သမီးဖြစ်သူကလည်း ဝင်ရောက်ပြီး လုပ်အားဒါနပေးလှူပါတယ်။

မိန်းမပျိုလေးက ရက်ကန်းယက်လုပ်ပြီး အဝတ်အထည်စတွေရောင်းပါတယ်။ မိဘနစ်ပါးကိုလည်း ပြည့်ပြည့်စုံစုံထားပြီး ကောင်းမွန်စွာပြုစုစောင့်ရှောက်ပေးပါတယ်။ သူ့ရဲ့ရုပ်အဆင်းက အကျည်းတန်ပေမဲ့ စာပေပညာရပ်မှာ ထူးချွန်ထက်မြက်တယ်။ စိတ်နေစိတ်ထားနဲ့ ကိုယ်ကျင့်တရားလည်း ဖြူစင်မွန်မြတ်တာကြောင့် ရှာသူ၊ ရှာသားများက သူ့ကို ချစ်ချစ်ခင်ခင်ရှိကြတယ်။

ရက်တွေကြာလာတာနဲ့အမျှ စေတီတော်ရဲ့ညဏ်တော်ဟာ သတ်မှတ်ထားတဲ့အမြင့်ပေသို့ ရောက်လာပါတယ်။ သိပ်မကြာခင်မှာ စေတီတော်ထီးတင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်တာကြောင့် အားလုံးရဲ့ ရင်ထဲမှာ အတိုင်းမသိ ကြည်နူးပျော်ရွှင်ကြရတယ်။

နေ့စဉ်နေ့တိုင်း ရှာသူ၊ ရှာသားအားလုံးက စေတီတော်ကို သွားရောက်ဖူးမြော်လေ့ရှိပါတယ်။ တစ်နေ့မှာ စေတီတော်ရင်ပြင် ပိုမိုသပ္ပာယ်သွားအောင် ကုန်းဘေးပတ်လည်မှာ မိန်းမပျိုလေးက ပန်းပင်စိုက်ပျိုးချင်စိတ်ပေါ်လာတယ်။ ရွာလူကြီးတွေနဲ့ ဆွေးနွေးတိုင်ပင်ပြီးနောက် ပန်းပင်လေးတွေကို ငွေအကုန်အကျခံ၊ အချိန်ကုန်ခံပြီး မိန်းမပျိုလေးက ဂရုတစိုက်ပြုစုစိုက်ပျိုးတယ်။ အချိန် အတော်ကြာပြီးနောက် သာယာဖွယ်ကောင်းတဲ့ ပန်းဥယျာဉ်တစ်ခုဖြစ်လာတယ်။ဘုရားဖူးလာသူတိုင်းကိုပန်းခူးယူခွင့်ပြုထားပြီး စေတီတော်အားဆက်ကပ်လှူဒါန်းစေတယ်။ကောင်းကျိုးများစွာရရှိခံစားနိုင်ပါစေလို့ပန်းလှူဒါန်းသူများက သူ့အတွက် ဆုတောင်းမေတ္တာ ပို့သကြတယ်။ (ပန်းလှူတဲ့သူဟာ ရုပ်ရည်လှပခြင်း၊ ခန္ဓာကိုယ်သန့်ရှင်းခြင်း၊ ခံတွင်းမွှေးကြိုင်ခြင်း စတဲ့အကျိုးများကို ရရှိခံစားနိုင်ပါတယ်။)

တစ်နေ့မှာ သူစိမ်းအဘိုးအိုတစ်ယောက် စေတီတော်တည်ရှိရာ တောင်ကုန်းပေါ်သို့ တက်လာတယ်။ ပန်းပင်တွေကို ရေလောင်းနေရာမှ မိန်းမပျိုလေးက အမှတ်မထင်တွေ့ မြင်သွားပြီး အကူအညီပေးရအောင် အဘိုးအိုဆီ ထွက်လာခဲ့ပါတယ်။ ပန်းတွေတစ်ပွေ့တစ်ပိုက်ခူးကာ သူနဲ့အတူ တစ်ပါတည်းယူလာခဲ့ပါတယ်။

"အဘိုးကို ဒီရွာမှာ တစ်ခါမှ မတွေ့ဖူးဘူး။ အကူအညီလိုအပ်တာရှိရင် ပြောပါရှင့်"

ရိုးသားဖော်ရွေစွာ သူက နှုတ်ခွန်းဆက်လိုက်ပါတယ်။ အံ့ဩသွားတဲ့အမူအရာနဲ့ သူ့ကို အဘိုးအိုက ရုတ်တရက် ကြည့်လိုက်မိတယ်။

"အေးကွယ် မြို့စားမင်းက အမှာတော်ပါးလိုက်လို့ ရွာသူကြီးဆီကို စာချွန်လွှာလာပို့တာပါ"

"ဒါဆို ရောက်တုန်းရောက်ခိုက် စေတီတော်ကို ပန်းလှူဒါန်းသွားပါဦးအဘိုး။ အဘိုးအတွက် ပန်းခူးခဲ့ပါတယ်"မိန်းမပျိုလေးလက်ထဲမှပန်းများကို အဘိုးအိုက လှမ်းယူလိုက်တယ်။

"ပန်းဖိုးအတွက် အသပြာ ဘယ်လောက်ပေးရမလဲကွယ့်" "ပေးစရာမလိုပါဘူးရှင့်"

ဘုရားဖူးသူတိုင်း ပန်းလှူဒါန်းနိုင်အောင် ကိုယ်တိုင် ပန်းဥယျာဉ်တစ်ခု စိုက်ပျိုးထားတာဖြစ်ကြောင်း အဘိုးအိုကိုသူက ရှင်းပြလိုက်ပါတယ်။

"သာဓုပါကွယ်၊ ခူးလာပေးတဲ့ပန်းတွေကို မြတ်စွာဘုရားရှင်အားရည်စူးပြီး ကပ်လှူလိုက်ပါ့မယ်ကွယ်"

"ဟုတ်ကဲ့ပါအဘိုး။ ပန်းပင်တွေရေလောင်းစရာရှိလို့ သွားခွင့်ပြုပါဦးရှင့်"

"ခဏနေပါဦး မိန်းကလေး။ နာမည်လေးသိချင်လို့ပါကွယ်"

မိန်းမပျိုလေးရဲ့ စိတ်ထားမွန်မြတ်မှုကို အဘိုးအိုက ပီတိပွားမိတယ်။

ညနေစောင်းမှာတော့ ရွာသူ၊ ရွာသားအားလုံးကို သူကြီးမင်းက မောင်းထုပြီးခေါ်ပါတယ်။ မြို့စားမင်းကြီးရဲ့အမိန့်စာကို အားလုံးရှေ့မှာ သူကြီးက ဖတ်ကြားပြတယ်။

"မြို့တော်မှာ ရက်ကန်းရက်ပြိုင်ပွဲကို နောက်သုံးရက်အကြာမှာ ကျင်းပမယ်။ မြို့စားမင်းကြီးက အသက်အရွယ်ကြီးလာပြီဖြစ်တာကြောင့် သူ့ရဲ့သားတော်အား မြို့စားမင်းအဖြစ် တာဝန်လွှဲပြောင်းထမ်းဆောင်ရမယ်လို့ ဘုရင်မင်းမြတ်က အမိန့်တော်ချမှတ်ထားတယ်။ ရွေးချယ်ခန့်အပ်တဲ့ပွဲမှာ မြို့စားလေးဝတ်ဆင်ရမဲ့ပုဆိုးအတွက် ရက်ကန်းရက်လုပ်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။

ရွာထဲရှိ မိန်းကလေးအားလုံးထဲမှာ မိန်းမပျိုလေးက ရက်ကန်းခတ်တာ အကျွမ်းကျင်ဆုံးဖြစ်တယ်။ ဒါကြောင့် သူ့ကို ရွေးချယ်လိုက်တယ်။

နံနက်မိုးသောက်အချိန်မှာ မိန်းမပျိုလေးက မြင်းစီးပြီး ရက်ကန်းခတ်ပြိုင်ပွဲကျင်းမယ့်မြို့ဆီ ခရီးနှင်ခဲ့ပါတယ်။ ပြိုင်ပွဲအတွက် လိုအပ်တဲ့ပစ္စည်းတွေနဲ့ ရိက္ခာခြောက်တွေကို ထုပ်ပိုးပြီး မြင်းပေါ် တင်ယူခဲ့ပါတယ်။ ခရီးကြမ်းကို နှစ်ရက်ကြာဖြတ်သန်းပြီးနောက် ညနေစောင်းအခါသမယမှာ မြို့ထဲသို့ ရောက်လာပါတယ်။ ပြိုင်ပွဲဝင်ရမယ့်သူတွေအတွက် စီစဉ်ထားတဲ့ တည်းခိုဆောင်မှာ မိန်းမပျိုလေးက တစ်ညတာတည်းခိုအနားယူတယ်။ နောက်တစ်နေ့နံနက်ခင်းမှာ ရက်ကန်းပြိုင်ပွဲကို ခြိမ့်ခြိမ့်သဲကျင်းပကြတယ်။ ရွာအသီးသီးက ချောမောလှပတဲ့မိန်းမပျိုလေးများကလည်း ရက်ကန်းစင်ရှေ့မှာ အဆင်သင့်နေရာယူထားတယ်။ စည်တော်တီးပြီး အချက်ပေးလိုက်တာနဲ့တပြိုင်နက် လုံမပျိုလေးများက ရက်ကန်းစခတ်ကြတယ်။ သတ်မှတ်ထားချိန်ပြီးဆုံးတဲ့အခါ လုံမပျိုလေးများ ရက်လုပ်ထားတဲ့ပုဆိုးစတွေကို လာရောက်အကဲဖြတ်တယ်။ မကြာခင်ဆုရသူကို ကြေညာတယ်။ ရရှိတဲ့ဆုကြေးက သိပ်ကို ထူးဆန်းအံ့သြဖွယ်ကောင်းလွန်းလို့ ရွေးချယ်ခံရတဲ့ လုံမပျိုလေးက လက်မခံချင်ဘူး ဖြစ်နေတယ်။

"ဆုကြေးငွေ အသပြာတစ်ထောင်အပြင် ဒီဘက်မှာ ရပ်နေတဲ့အဘိုးအိုကိုပါ တစ်သက်တာလုံး ပြုစုစောင့်ရှောက်ရမယ်ဆိုတော့ အနည်းငယ်အခက်တွေ့နေရပါတယ် မြို့စားမင်းကြီးရှင့်"

ဒီလိုနဲ့ လုံမပျိုလေးတွေ တစ်ယောက်ပြီးတစ်ယောက် ငြင်းပယ်လိုက်ကြတာ နောက်ဆုံးမှာ မိန်းမပျိုလေးအလှည့် ရောက်လာပါတယ်။ အဘိုးအိုက မိန်းမပျိုလေးတို့ရွာကို စာချွန်လွှာလာပို့တဲ့သူ ဖြစ်နေပါတယ်။ "ရွာပြန်တဲ့အခါ အဘိုးကို ခေါ်သွားပြီး နောက်ဆုံးအချိန်အထိ ပြုစုစောင့်ရှောက်ပေးပါ့မယ်ရှင့်။ ဒါပေမဲ့ ကိစ္စတစ်ခုကိုတော့ မြို့စားမင်းကြီးကို လျှောက်တင်ပါရစေ။ ဆုကြေးအဖြစ်ရရှိမဲ့ အသပြာတစ်ထောင်ကို လက်မခံပါရစေနဲ့။" မိန်းမပျိုလေးရဲ့စကားအဆုံးမှာ ပရိသတ်အားလုံးက တုန်လှုပ်အံ့အားသင့်သွားတယ်။ ဘာအကြောင်းကြောင့် အသပြာတစ်ထောင်ကို လက်မခံရတာလဲ" မြို့စားမင်းကြီးက မေးမြန်းတယ်။

"ကျွန်တော့်မျိုးမရဲ့ စိတ်ရင်းအမှန်ကို သိစေချင်လို့ပါ။ အသပြာတစ်ထောင်ကို မက်မောလို့မဟုတ်ဘဲ သက်ကြီးရွယ်အိုတစ်ယောက်ကို မိဘသဖွယ် စာနာမိတာကြောင့် ကျွေးမွေးစောင့်ရှောက်ပေးချင်တာပါရှင်"

မြို့စားမင်းကြီးက . . .

"အိုမင်းမစွမ်းတဲ့လူတစ်ယောက်က သူငယ်မအတွက် ဘာများအထောက်အကူရနိုင်လို့လဲ"

"ကျွန်တော့်မျိုးမလည်း တစ်နေ့ အိုမင်းလာပြီး သေခြင်းတရားနဲ့ ရင်ဆိုင်ကြုံတွေ့ရမှာကိုတွေးမိပြီး

ကိုယ်ချင်းစာစိတ်ဖြစ်မိပါတယ်။ နေ၀င်ချိန်ရောက်ခါမှ မိမိရဲ့ခန္ဓာတာ၀န်ကို မထမ်းဆောင်နိုင်တော့လို့ စိတ်ပျက်အားငယ်နေရတဲ့ဒုက္ခကို မခံစားစေချင်ပါဘူး"

မိန်မပျိုလေးရဲ့ အဖြေစကားကို မြို့စားမင်းကြီး သဘောကျသွားပါတယ်။

"ကဲ... မိန်းကလေးသဘောအတိုင်း အသပြာတစ်ထောင်မယူဘဲနဲ့ အဘိုးအိုရွာသို့ ခေါ်ဆောင်ခွင့်ပြုတယ်"

မိန်းမပျိုလေးလည်း ၀မ်းမြောက်၀မ်းသာဖြင့် အဘိုးအိုကို မြင်းပေါ်တင်ပြီး ရွာသို့ ခေါ်ဆောင်လာပါတယ်။ရွာကိုပြန်ရောက်တဲ့အခါမိဘနှစ်ပါးအား အဖြစ်မှန်တွေကို ရှင်းပြပါတယ်။ မိဘနှစ်ပါးကလည်း အဘိုးအိုကို ကောင်းမွန်စွာ လက်ခံကျွေးမွေးကြတယ်။ ဒီလိုနဲ့ ရက်သတ္တပတ်အနည်းငယ်ကြာပြီးနောက်မှာ မြို့စားမင်းကြီးထံမှ စာချွန်လွှာတစ်စောင် ထပ်မံရောက်ရှိလာတယ်။

"သားတော်လေးထံသို့ မြို့စားမင်းအရိုက်အရာကို လွှဲပြောင်းခန့်အပ်ရမည်ဟု ဘုရင်မင်းမြတ်မှ အမိန့်တော်ချမှတ်လိုက်သဖြင့် သားတော်လေးအား လာရောက်ခေါ်ဆောင်ခြင်းဖြစ်ပါတယ်"

မိန်းမပျိုလေးခေါ်ဆောင်လာတဲ့သူမှာ အဘိုးအိုမဟုတ်ဘဲ မြို့စားမင်းကြီးရဲ့သားတော်လေးဖြစ်နေမှန်း အားလုံးက အခုမှ သဘောပေါက်လာကြတယ်။ အဘိုးအိုအဖြစ်ကနေ ငယ်ရွယ်နုပျို ခန့်ညားတဲ့ လုလင်အသွင်ဖြင့် မိန်းမပျိုလေးရဲ့ရှေ့မှောက်သို့ ရုတ်တရက်ရောက်လာတယ်။

"နမလေး သိပ်ပြီး အံ့သြသွားသလားကွယ်။ ရွာဦးစေတီတော်ခြေတော်ရင်းမှာ တွေ့ဆုံခဲ့စဉ်ကတည်းက နမလေးကို နှစ်သက်သဘောကျခဲ့တာပါ"

မိန်းမပျိုလေးကလည်း တွေ၀ေမှင်တက်သွားတယ်။ သူ့လို ရုပ်ဆိုးတဲ့ မိန်းကလေးတစ်ယောက်ကိုချစ်ခင်စုံမက်တယ်ဆိုတော့မယုံကြည်နိုင်လောက်အောင် ဖြစ်မိတယ်။

"မြို့စားမင်းလေးရဲ့ ကြင်ယာတော်လောင်းလျာနဲ့အတူ သူ့ရဲ့မိဘနှစ်ပါးကို တစ်ပါးတည်း ခေါ်ဆောင်လာရမည်"

ဟု ရဲမက်က စာချွန်လွှာကို ဆက်ဖတ်ပြတယ်။

မြို့စားမင်းလေးက "ကဲ ဘယ်လိုလဲ နမငယ်၊ မောင်တော်နဲ့အတူ မြို့ကိုလိုက်မယ်မဟုတ်လား"

"ရုတ်ဆိုးလွန်းလို့ စိတ်အားငယ်မိပါတယ်။ မောင်တော်နဲ့လက်တွဲဖို့ ဖြစ်နိုင်မယ်မထင်ပါဘူး။

"အိုး . . . ဘယ်သူပြောလဲနမလေး၊ ရုပ်ဆိုးတယ်လို့။ စိတ်နှလုံးသားက ဒီလောက်ဖြူစင်မွန်မြတ်တာ"

မိန်းမပျိုလေးရဲ့လက်ဖ၀ါးနုနုလေးကို မြို့စားလေးက ယုယညင်သာစွာ ဆုပ်ကိုင်လိုက်တယ်။ မိန်းမပျိုလေးရဲ့ မျက်နှာပြင်ထက်မှာ ရှက်သွေးဖြာသွားတယ်။ ခေါင်းကို အသာအယာငြိမ့်လိုက်တဲ့မိန်းမပျိုလေးရဲ့ အမူအယာက နူးညံ့သိမ်မွေ့ပြီး ချစ်စရာကောင်းလွန်းတယ်လို့ လုလင်ငယ်လေးက တွေးမိပါတယ်။

ဖီဖီ(ဆေး၀ါးတက္ကသိုလ်)

သားတာကျားစီရင်ခြင်း

မောင်ရှိသ ရန်ကုန် တက္ကသိုလ်




အစ်မ ကလေးလား
ချစ်စရာလေးနော်
အစ်မကလေးကိုချစ်လို့
နို့တိုက်ပါရစေနော်
မိန်းမရွယ်က ကလေးမိခင်ဆီ ခွင့်တောင်းတော့
မိခင်ကသူ့သားကို ချစ်တယ်ဆိုလို့သဘောကျပြီး
မိန်းမရွယ်ကို ခွင့်ပေးလိုက်တာပေါ့ ။
မိန်းမရွယ်ဟာ ကလေးကိုနို့တိုက်ဟန်ဆောင်ပြီး
ချော့မြှူတော့ကလေးကရွှင်မြူးပြီး ရယ်တယ်။
ပြီးတော့ မိန်းမရွယ်ဟာ
ကလေးကိုပွေ့ချီပြီး
ထွက်ပြေးတော့သတဲ့ ။


ကလေးမိခင်ဟာ ရေကန်က
အပြေးတက်ပြီး မိန်းမရွယ်ကို
အတင်း ဆွဲထားတယ် ။
နင် ဘာလုပ်တာလဲ
ငါ့ကလေးကို
ဘယ်ခေါ်သွားတာလဲ
အလိုတော် ကျုပ်သား ကျုပ်ချီလာတာ
ရှင်ကများ စွပ်စွပ်စွဲစွဲနဲ့ ။
ဘယ်က နင့်သားလဲ
ငါ့သားကို နင်ချီပြီး
ထွက်ပြေးတာ နင်ဟာ
ကလေးခိုးတဲ့သူခိုးမ
မဟုတ်ဘူး
ဒါ ငါ့ကလေး

ကလေးမိခင်နဲ့ သူခိုးမတို့
ဆွဲလားရုန်းလားဖြစ်နေ
ကြတာကို ရွာသားတွေ
တွေ့တော့ ဝိုင်းအုံလာပြီး
အကျိုးအကြောင်းမေးတယ်
ကလေးချီထားတဲ့မိန်းမက သူ့သားလို့ပြောတယ်
လိုက်ဆွဲတဲ့မိန်းမကလည်း သူ့သားကို
ခိုးယူသွားတာပါလို့ ပြောပြန်တယ်..
ဒီနဲ့ ရွာသားတွေက ဒီပြဿနာကို
မဟောသဓာသတို့သားပဲဖြေရှင်း
ဆုံးဖြတ်ပေးနိုင်မယ်လို့ဆိုပြီး
မိန်းမနှစ်ယောက်ကို မဟောသဓာ
ရှိတဲ့ ဇရပ်ကိုခေါ်သွားကြတယ်

ပြီးတော့ ငြင်းခုန်ရန်ဖြစ်နေကြောင်း အစီရင်ခံကြတော့ မဟောသဓာက ဘာကြောင့်ဖြစ်ကြတာလဲမေးတယ်
အရှင့်သား ကျွန်မသားကို ကျွန်မချီပြီး ခရီးသွားနေတာ ဒီအရှုံးမကကျွန်မသားကို သူ့သားပါလို့ စွပ်စွဲပြီး လိုက်တောင်းနေပါတယ်
ကဲ ဒါဆိုရင် သင်ကကော ဘာဖြစ်လို့သူ့သားကိုသင့်ရဲ့ သားလို့စွပ်စွဲပြီးလိုက်တောင်း နေရတာလဲ..
ဒီမိန်းမ သက်သက် လိမ်ပြောနေတာပါ အရှင့်သား


ဒါဆိုရင် ဒီအမှုကို
ကျွန်ုပ် စီရင်မယ်
သင်တို့ကျွန်ုပ်စကားကို
နားထောင်ကြမလား
မိန်းမနှစ်ယောက်ကနားထောင်ပါမယ်
ဆိုလို့မဟောသဓာကမြေပြင်ပေါ်မှာ
စည်းတားပြီးကလေးကိုချစေတယ်
ပြီးတော့ကလေးမိခင်ကိုကလေးရဲ့ခြေက
ကိုင်စေပြီး သူခိုးမကို ကလေးရဲ့
လက်က ကိုင်စေတယ်..
ကဲ သင်တို့နှစ်ယောက်
ကလေးကို ဆွဲကြ လုကြ
နိုင်တဲ့သူကလေးအမေပဲ
ဒါနဲ့ မိန်းမနှစ်ယောက်က ကလေးကိုဆွဲယူ
ကြတယ် သူ့နိုင်ကိုယ်နိုင်အားပြိုင်ဆွဲကြတော့
ကလေးကနာကျင်လို့တအားငိုတော့တာပေါ့


ကလေးငိုတော့ မိခင်ကရင်မှာ
နှာကျင်လာပြီး ငိုယိုငေးငိုင်ကာ
ကလေးကိုလွှတ်လိုက်တော့တာပေါ့
ဆို ပရိသတ် အပေါင်းတို့
မိခင်ရင်းက သားငယ်ကို ချစ်ခင်
ညှာတာသလား မိခင်မဟုတ်သူက
ညှာတာသလား ဖြေကြည့်ကြပါ
ဒီအခါ ပရိသတ်က မိခင်ရင်းကသာ ညှာတာကြောင်း
တညီတညွတ်တည်း ဖြေကြတာပေါ့ ..
ဟုတ်ပြီ ဒါဆိုရင်
အခုကလေးငယ်ကို
မညှာမတာဆွဲပြီး အနိုင်
ရတဲ့မိန်းမဟာမိခင်အရင်း
ဖြစ်နိုင်ပါ့မလား


ဒီအခါ မဖြစ်နိုင်ကြောင်း ပရိသတ်ကဖြေကြတယ်
ဒီတော့ ကလေး နာကျင်နေလို့ လွှတ်ပေးပြီး ငိုယိုနေတဲ့ မိန်းမဟာ ကလေးမိခင်ဖြစ်ရတော့မှာပေါ့
အဒေါ် ဦးကြီး ဘထွေးတို့ ဒီမိန်းမဟာ လူယောင်ဆောင်ထားတဲ့ဘီလူးမ ပါပဲ ကလေးကိုချစ်လို့မဟုတ်ဘူး စားချင်လို့ လုပြေးတာပဲဖြစ်ရမယ် မှန်ရာကိုပြော
ဒီတော့မှ ဘီလူးမလည်း သူ့အပြစ်ကို ဝန်ခံပြီး ခွင့်လွှတ်ဖို့ရာတောင်းပန်တယ်


မဟောသဓာက ဘီလူးမကို သံသရာက မိုက်မှားမှုတွေ လုပ်ခဲ့လို့ အခုဘဝမှာ ယုတ်သုံ့တဲ့ဘဝရောက်ခဲ့ရတယ်။ ဒီဘဝက လွတ်အောင်ဆိုပြီး ငါးပါးသီလ တရားကို ဟောပြီး ပြန်လွှတ်လိုက်တယ်
ကလေးမိခင်ကလည်း သူ့သားအသက်ကို ပညာဉာဏ်စွမ်းနဲ့ ကယ်တင်ခဲ့တဲ့ မဟောသဓာကို ကျေးဇူးတင်စကားပြောပြီး ထွက်သွားသတဲ့..
ပရိသတ်အပေါင်းက ကလေးခိုးတဲ့ မိန်းမကို ဘီလူးမဆိုပြီး ဘယ်လိုကြောင့် သိနိုင်တာလဲလို့ မဟောသဓာကို မေးတယ်
အသင်တို့ ဒီမိန်းမကို သေသေချာချာကြည့်ရင် မျက်တောင်နီပြီးတော့ မျက်တောင်မခတ်ဘူး နဖူးမောက်နှာယောင်ကောက် ဖနောင့်ကလည်းတိုတယ်


နောက်ပြီး ကလေးကိုလည်း သနားညှာတာမှု မရှိဘဲ အတင်းဆွဲယူတယ် ဒါကြောင့် ဘီလူးမဖြစ်ကြောင်းကို အစကတည်းက သိလိုက်တာပါ
အခုလို သားတရားစီရင်တဲ့အကြောင်းကို အထောက်တော်အမတ်က ဝိဒေဟရာဇ် မင်းကြီးဆီ သတင်းပို့တယ်..
မင်းကြီးလည်း သေနကအမတ်ကြီးကို ခေါ်တိုင်ပင်တော့အမတ်ကြီးက ကန့်ကွက်မြဲ ကန့်ကွက်ပြန်တယ်
ဒါနဲ့ မင်းကြီးလည်း အထောက်တော်အမတ်ကို ဆက်လက် စုံစမ်းဖို့ ညွှန်ကြားလိုက်သတဲ့..
ပြီး

သမင်တို့ရဲ့မာယာ

လင်းသက်ခိုင်



ရှေးရှေးတုန်းက လူသူမနီးတဲ့တောကြီး မျက်မည်းထဲမှာ သားသမင်တို့ ကျက်စားနေထိုင်ကြသတဲ့ကွယ်။ အဲဒီတောကြီးမျက်မည်းထဲကို တောင်သူတွေမလာပေမယ့် မုဆိုးတွေကတော့ မကြာခဏ ဆိုသလို ရောက်လာတတ်ကြတာပေါ့ကွယ်။ ဒါကြောင့်မို့ သွားလေရာမှာ သူတို့ထောင်ထားတဲ့ ကျော့ကွင်းတွေက လွတ်အောင် ရှောင်နိုင်တိမ်းနိုင်ဖို့ သမင်တို့၏မာယာခေါ်တဲ့ မိဂမာယာကို သူတို့မျိုးဆက်ထဲက နောက်ထပ်ပေါက်ဖွားလာတဲ့ သမင်လေးတွေကို ဝိုင်းဝန်းသင်ကြားပေးသတဲ့ကွယ်။ သမင်လေးတွေ အန္တရာယ်မတွေ့စေဖို့ပေါ့။

ဒါပေမဲ့ ဒီလိုသင်ကြားပေးနေတဲ့အထဲက သမင်ပျိုလေးတစ်ကောင်ဟာ မုဆိုးရဲ့ ကျော့ကွင်းထဲမှာမိသွားရှာရောတဲ့။ သူကျော့ကွင်းထဲမှာ မိလိုက်တာကိုလန့်ပြီးအော်မြည်လိုက်တဲ့ အတွက် ကျန်တဲ့အပေါင်းအဖော်သားသမင်လေးတွေဟာလည်း ကြောက်အားလန့်အားနဲ့ ပြေးကြတာပေါ့။ ကျော့ကွင်းထဲမှာမိသွားတဲ့သမင်လေးရဲ့မိခင်ဟာ သူ၏မောင်တော်ထံ အမြန်ထွက်လာကာ၊

"အမလေး ကိုယ်ကျိုးတော့နည်းပါပေါ့ မောင်တော်ရယ်၊ ကျွန်မသားလေးဟာခုတော့ မုဆိုးရဲ့ကျော့ကွင်းမှာ လှုလှုကြီးမိနေပါပေါ့"

ထိုအခါ မောင်ဖြစ်သူက

မစိုးရိမ်ပါလင့် ငါ့နှမ နင့်သားတော် ငါ့တူတော်မောင်ကို နင်လာအပ်ထားကတည်းက တတ်အပ်သောပညာကို သင်ကြားပေးခဲ့တယ်။ သူကိုယ်တိုင်ကလည်းပညာသင်လိုစိတ်ရှိတဲ့အပြင် လေးလေးစားစားသင်ယူခဲ့ပါတယ်။ နင့်သားမသေနိုင်ပါဘူး။ မိဂတမာယာအတတ်နဲ့ နင့်သားကျော့ကွင်းထဲက ရုန်းထွက်လွတ်မြောက်လာပါလိမ့်မယ်။နင်စောင့်ကြည့်ပါလော့နှမ"

မောင်ဖြစ်သူက ဖျောင်းဖျပြောဆိုလို့ စိတ်သက်သာရာ ရသော်လည်း၊ စိတ်မှာအပြည့်အဝ မယုံနိုင်သေးပေ။ သားနှင့်အတူ ကျက်စားကြသော သမင်တို့ကို စုံစမ်းမေးမြန်းပြီးနောက် သားဖြစ်သူ ကျော့ကွင်းမိရာသို့ မုဆိုးရန်ကို ပုန်းလျှိုးကွယ်လျှိုးလုပ်၍ လာခဲ့ရတယ်။ မုဆိုးမမြင် နိုင်သည့် ကျောက်ဆောင်ကြားမှနေ၍ သားလေးကို ကြည့်တဲ့အချိန်မှာတော့ မိခင်သမင်မကြီးဟာ ရင်ကွဲ မတတ်ခံစားရတော့တာပေါ့ကွယ်။

သားသမင်လေးရဲ့ညာဘက်ခြေထောက်ဟာ ခိုင်ခံ့လှတဲ့သားရေကျော့ကွင်းထဲမှာ တင်းတင်းကျပ်ကျပ်



တုပ်နှောင်ခံထားရရှာပေမယ့် ခြေထောက်မှာ သွေးစ သွေးနများတော့ မတွေ့ပေ။ ဦးရီးတော် သင်ကြားပေး ထားသည့် ပညာရပ်ထဲကအတိုင်း ရုန်းကန်၍ မလွတ် သောကျော့ကွင်းကို အသားအရေ အပြတ်ခံ၊ အပွန်း ခံ၍ ရုန်းကန်မနေသောကြောင့် ဖြစ်ပါတယ်။

သို့သော် သားသမင်လေး၏ ဝမ်းဗိုက်တစ်ခုလုံး ဟာ ဖောင်းဖောင်းကားကားကြီး ဖြစ်နေတယ်။ ကျော့ကွင်းမှာမိတာ ဘာမျှမကြာသေး ဘာ့ကြောင့် ဝမ်းဗိုက်ကြီးဖောင်းကားနေသလဲ၊ ဘာကြောင့် ခြေ လေးဘက်လုံး ကားကားယားယားဖြစ်နေရပါလိမ့်၊ဟု မိခင် သမင်မကြီးစဉ်းစားနေတယ်။ ထပ်ပြီးလေ့လာ-ကြည့်ပြန်တော့လည်း သူ့သားငယ်သမင်လေးဟာ မလှုပ်မရှား နေနေပြီး သူ့အနီးနားတွင်လည်း မြက်စ မြက်နလေးများ ပြန့်ကြဲနေ သတဲ့ကွယ်။

တန်တော့ အန္တရာယ်ဆိုးကြီးကြောင့် သူ့အန် ထုတ်လိုက်တာတွေဖြစ်နိုင်တယ်၊ အင်း လျှားကြီးက လည်း တန်းလန်းနဲ့ဆိုတော့ သေများသေပြီးလားမသိ ကျင်ကြီးကျင်ငယ်တွေလည်း စွန့်ထားတာဆိုတော့ သေဖို့များတယ်။

သားငယ်လေး၏ဖြစ်ပုံကို မမြင်ရက်သော မိခင် ခမျာ အဖြစ်ဆိုးကိုထပ်မြင်ရပြန်တော့တာပေါ့။

"အလိုကားယားကြီး ဖောင်းဖောင်းဖြစ်နေတဲ့ ကိုယ်ပေါ် ယင်မမည်းရိုင်းတွေ အုံခဲနေလို့ပါလား။ ဟော့ ကျီးတွေတောင်လာနားပြီး ဟိုထိုးဒီဆိတ် လုပ် နေကုန်ပါရောလား၊ အမလေး သေပြီထင်ပါရဲ့သား ရယ်"

သမင်မကြီး ဝမ်းနည်းစွာနှင့် သားရဲ့ ဖြစ်အင်ကို ကြည့်ပြီး ငိုရှာတော့တာပေါ့။

မကြာခင်မှာပဲ မုဆိုးရောက်လာပြီး တုပ်တုပ်မျှ မလှုပ်ဘဲ ဖောင်းကားနေသော သမင်၏ပက်လည် တွင် ဝိုင်းအုံနေသော ယင်မမည်းကို ယမ်းခါလိုက်ပြီး ဝမ်းဗိုက်ကြီးကို လက်နှင့် ပုတ်ကြည့်လိုက် လုပ် နေတာပေါ့။

"အင်း သေလို့ ပုတ်တောင်ပုတ်နေပြီထင်ပါရဲ့" ဆိုပြီး မုဆိုးသည် ကျော့ကွင်းကို ပြန်ဖြုတ်လိုက်တယ်။ ဒီနောက် သမင်ကိုဖျက်ဖို့ အောက်ခင်းသစ်ကိုင်းများ ယူရန် တောထဲ ခနဝင်လိုက်တယ်တဲ့ကွယ်။

ဒီခဏမှာ မိဂမာယာကို ချက်ခြင်းအသုံးချပြီ ဖြစ်တဲ့ သမင်လေးဟာ တုံးလုံးလဲနေရာမှ ဆတ်ခနဲ ထပြီး တစ်ရှိန်ထိုး ပြေးလေရာ မိခင်သမင်မနှင့် စောင့် နေသော သမင်တွေအားလုံး သူ့နောက်က တပျော် တပါး ပြေးလိုက်ကြလေတော့တယ်ကွယ်။

လင်းသက်ခိုင်

ကျေးရှူးသိအပ် ပြန်လို့ဆပ်

ကျော်ဝင်းမောင်(ကျောက်မဲ)

– ရှေးရှေးတုန်းက ရွာတစ်ရွာမှာ၊
ပုဏ္ဏားလုလင် လယ်သမားပါ။
– လယ်ကွင်းစပ်မှာ အိုင်တစ်အိုင်ရှိ၊
ရွှေပုစွန်လုံးလေး သူမြင်မိ။
– ရွှေရောင်အတိမ့် ချစ်စရာ
မေတ္တာစိတ်နဲ့ ခင်မင်ကာ။
– အန္တရာယ်ကင်းစွာရှိစေသား၊
အပေါ်ရုံပုဆိုးကြား သိပ်ကာထား။
– အလုပ်နားလို့ ညနေပြန်လျှင်
အိုင်ထဲပြန်ပို့ တယုတယအစဉ်။
– နေ့တိုင်းမပြိုပြင် သံယောဇဉ်ကြီး၊
ရက်ရှည်များတော့ လွန်ရင်နှီး။
– ကန်သင်းအနီး ထန်းပင်ပေါ်မှာ
ကျီးဖိုကျီးမနေထိုင်ကာ။
– "ကျီးဖိုမောင်ရာ" ကျီးမန္တဲ့။
"ပုဏ္ဏားမျက်လုံး စားချင်သတဲ့"။
– "လွယ်မယောင်နဲ့ ခက်လှတယ်၊
မောင်ကြီးဘယ်သို့ လုပ်ပါ့မယ်"

– "လွယ်ပါတယ်ဒါလေးများ၊
ထန်းပင်ရင်းက မြွေဆီသွား။
– ပုဏ္ဏားသေအောင်သတ်စေပါ၊
သေရင်မျက်လုံးရမည်သာ။
– မျက်လုံးထုတ်ကာ စားမှာအဟုတ်
မောင်ကြီးသက်လျှာ ဒီအတိုင်းလုပ်"
– ပြောတိုင်းလုပ်တော့ အောင်မြင်ပြီ၊
ပုဏ္ဏားလဲကျ သေတော့မည်။
– ပုဏ္ဏားမျက်နှာဆီ ကျီးအတက်၊
ရွှေပုဇွန်လုံးလည်း ပုဆိုးထဲကထွက်။
– လက်မကြီးနဲ့ ကျီးလည်တိုင်၊
မရုန်းနိုင်အောင် မြဲမြဲကိုင်။
– မခံနိုင်အောင် နာကျင်မြော့၊
ကျီးဖိုအော်လို့ မြွေလာပေါ့။
– လာပစေပေါ့ မကြောက်ပါ၊
မြွေလည်ပင်းလည်း ပုဇွန့်လက်မှာ။
– "လျှင်မြန်စွာ အဆိပ်ဖြေလော့၊
ပုဏ္ဏားရှင်တော့ လွတ်မှာပေါ့"

\- အသော့လျင်မြန် ချက်ချင်းပင်၊
မြွေဆိပ်ရပ်တော့ ပုဏ္ဏား,ရှင်။

\- သို့ရာတွင် အန္တရာယ်များ၊
မြွေနဲ့ကျီးကို အရှင်မထား၊
ရွှေပုဇွန်လက်မှာ အသက်ပါသွား။

\- မောင်မယ်အများ ကျင့်လိုက်နာ၊
ပုံပြင်ကမ္ဘာ ချစ်ကလေးတို့ရာ။

\- ကျေးဇူးဆိုတာ စွဲသိအပ်။
တစ်နေ့ ကြုံလျှင် ပြန်လို့ဆပ်။
လူဖြစ်ကျိုးနပ် တန်ဖိုးမြတ်၊
မွန်မြတ်စိတ်ဓာတ် လူ့ဂုဏ်ဒြပ်။

ကျော်ဝင်းမောင်(ကျောက်မဲ)



သဒ္ဒါနားနီး သဒ္ဒါ

လရိပ်မေ(သာပေါင်း)



ဟိုးရှေးအခါက တရားသော အသက်မွေးဝမ်းကျောင်းအလုပ်နဲ့ ရှာဖွေ စားသောက်နေသူတွေ "ပဒေသာ"ဆိုတဲ့ ရွာတစ်ရွာရှိသတဲ့။ တစ်ရွာလုံးဟာ ကူးသန်းရောင်းဝယ်မှုနဲ့ အသက်မွေးနေရပေမဲ့ မျှတစွာ ရှာဖွေစားသောက်ကြတယ်။ ပင်လယ်ကမ်းခြေနားနီးတဲ့ရွာဆိုတော့ ဆား၊ ငါးပိ၊ ငါးခြောက်တွေပဲ ရောင်းဝယ်ကြရတာပေါ့။ ပင်လယ်ထွက် ငါးရှာသူကရှာ၊ ငါးခြောက်လုပ်တဲ့သူက ငါးခြောက်လုပ်တယ်။ ရှိတဲ့ငါးခြောက်၊ ငါးပိကောင်တွေကို လက်လီလက်ကား ရောင်းဝယ်တဲ့လူတွေနဲ့ မြို့တမျှ စည်းကားတဲ့ရွာကြီးပေါ့။ အဲဒီရွာထဲမှာ သစ်သီးရောင်းတဲ့ဆိုင် တစ်ဆိုင်ပဲ ရှိတယ်။ ရှားပါးပစ္စည်းဟာ "ရတနာ" ထိုက်တယ်ဆိုတဲ့ စကားအတိုင်းပါပဲ။ အမေပြုံးရောင်းတဲ့ သစ်သီးဆိုင်ဟာ "ပဒေသာ"ရွာကြီးမှာ ရောင်းအားအကောင်းဆုံးပဲပေါ့။ သစ်သီးဆိုင်ရဲ့အမည်လေးက "မိုးထက်သာ" တဲ့။

တကယ်တော့ "မိုးထက်သာ"ဆိုတာ ဆိုင်ပိုင်ရှင်အမေပြုံးရဲ့ တစ်ဦးတည်းသောသားပါပဲ။ ခင်ပွန်းမရှိတော့ပေမဲ့ သားတစ်မျက်နှာတစ်ကမ္ဘာနဲ့ ရှာဖွေစားသောက်နေတဲ့ အမေပြုံးဟာလောကဓံကို ဘယ်တော့မှ အရှုံးမပေးခဲ့သူပေါ့။ အမေပြုံးဟာ နာမည်နဲ့လိုက်အောင် အမြဲတမ်းပြုံးရောင်သန်းနေတဲ့မျက်နှာကို ပိုင်ဆိုင်ထားရသူပေါ့။ အမေပြုံးဟာ ဘယ်လောက်ပဲ အလုပ်တွေ မအားလပ်နေပါစေ၊ ရတနာသုံးပါးကို

တော့ အမြဲမပြတ် ပူဇော်ကန်တော့ရှာသတဲ့။နံနက် (၄)နာရီ အိပ်ယာထ ကိုယ်၊ လက်သန့်စင်ပြီးတာနဲ့ မြတ်စွာဘုရားရှင်ထံ မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ၊ သုံးတော်ရေ၊ အချိုရည်၊ ဆွမ်း၊ ခဲဖွယ်၊ ဆီမီး၊ နံ့သာမီး၊ ပန်း... အားလုံးကပ်လှူပူဇော်ပြီး သတ္တဝါအားလုံးအတွက် အမြဲတမ်းမေတ္တာပို့ အမျှဝေပေးတယ်။ နံနက်အစောဆုံးတစ်ကြိမ် မိုးလင်းစတစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ်၊ ညအိပ်ရာဝင် တစ်ကြိမ်၊ မေတ္တာပို့သခဲ့သလို အားရင်လည်း အားတဲ့အချိန်တွေမှာ မေတ္တာဘာဝနာ ပွားများနေသူပေါ့။ အဲ့ဒီမေတ္တာရဲ့ အစွမ်းကြောင့်လည်း အမေပြုံးဟာ အပြုံးမျက်နှာလေးနဲ့အတူ လူ၊ နတ်၊ သတ္တဝါအားလုံးရဲ့ ချစ်ခင်စောင့်ရှောက်မှုကို ခံစားရတယ်လေ။

အမေပြုံးအတွက်တော့ နာမည်နဲ့ လိုက်ဖက်လွန်းပေမဲ့ မိုးကောင်းကင်ထက် မြင့်မြတ်သောသားအဖြစ် ရည်ညွှန်းခံထားရတဲ့ သားဖြစ်သူ "မိုးထက်သာ"ကတော့ နာမည်နဲ့တခြားစီပဲ။ ရုပ်နဲ့နာမ် တလွဲစီဖြစ်နေတဲ့ မိုးထက်သာကတော့ အမြဲတမ်းပဲ သေရည်အရက်သောက်စားမူးယစ်ပြီး "စွေ"နေသူမို့ မိုးထက်စွေဆိုတဲ့ နာမည်ကိုတောင် ပိုင်ဆိုင်ခဲ့တယ်လေ။ မိုးကောင်းကင်မှ ရွာချသော စနေမိုးထက် စွေနေတတ်သော "မိုးထက်စွေ"ပေါ့။ တစ်နေ့ပြီးတစ်နေ့ သစ်သီးဝလံတွေ ရောင်းရတာ များပြားလာတဲ့အတွက် အမေပြုံးဟာ ဆိုင်အတွက် အကူရဖို့ ကောင်ကလေးတစ်ယောက်ကို အကူခေါ်ရတာပေါ့ကွယ်။

အမေပြုံးဟာ လောကအတွင်းရှိ သတ္တဝါအားလုံးအတွက် မကြာခဏဆိုသလို မေတ္တာပို့သပေးနေပေမယ့် ထာဝရစီးဆင်းနေသော မေတ္တာရေအေးများစီးဆင်းနေရသော ချစ်မဝနိုင်သည့်သား မိုးထက်စွေအတွက်တော့ အမြဲမပြတ်သောမေတ္တာတွေကို ပို့သနေခဲ့ရှာတယ်။ သေရည်သောက်စားပြီး မူးလာလျှင် ဘယ်သူ့ကိုမှ မသိမြင်နိုင်ဘဲ ထင်ရာလျှောက်ပြောတဲ့ မိုးထက်စွေကို ရွာထဲမှာရှိတဲ့ မိန်းမပျိုလေးတွေဟာ အမေပြုံးမျက်နှာကြောင့် မချစ်သော်လည်း မမုန်းခဲ့ပါဘူး။ မိုးလင်းအိပ်ရာထ အဆာပြေစား၊ ဗိုက်ပြည့်သွားတာနဲ့ ရွာရိုးလျှောက် ကြက်တိုက်၊ ထန်းရည်မရှိရင် အရက်သောက်၊ မူးလာရင် လူမှန်းသူမှန်း မသိတော့လို့ လူအတွဲနဲ့ အိမ်ပြန်ရတာ မိုးထက်စွေရဲ့နေ့စဉ်ပုံမှန်အလုပ်ပဲပေါ့။

ရတနာသုံးပါးကြည်ညိုပြီး အပြစ်ကင်းသော စီးပွားရေးနဲ့ ရှာဖွေစားသောက်နေတဲ့ အမေပြုံးအတွက်တော့ နောက်ဆုံးဘဝနေဝင်ချိန်အတွက် မပူပင်ရဘူးပေါ့။ ဒါပေမဲ့ အမေပြုံး ရင်ထဲမအေးနိုင်တာကတော့ ဘုရားမှန်းမသိ၊ တရားမှန်းမသိ၊ သံဃာမှန်းမသိဘဲ အချိန်ကုန်ပျက်စီးနေတဲ့ သားတော်မောင်အတွက်ပါပဲ။ ဘာအလုပ်မှ မလုပ်ကိုင်ဘဲ ထာဝစဉ် ထိုင်စားနေသည့်တိုင်အောင်ရတနာမြတ်သုံးပါးနဲ့ ကံ၊ကံရဲ့အကျိုးကို ယုံကြည်စေချင်တာ အမေပြုံးရဲ့ ရင်တွင်းဆန္ဒပါ။ အဲဒါကြောင့်လည်း မလိမ္မာသည့်တိုင် မိုက်မဲသူမဖြစ်ရအောင် ဆိုးနေသည့်သားကို အမြဲချော့ကာ နားချစေခဲ့ပါတယ်။ အမေပြုံးရဲ့ ကြီးမားသောမေတ္တာတွေကြောင့် မိုးထက်စွေဟာ မလိမ္မာသော်လည်း မိုက်မဲသူတော့ မဖြစ်ခဲ့ဘူးပေါ့ကွယ်။

တစ်နေ့မှာ အမေပြုံး ဆိုင်ထိုင်ရင်း မေတ္တာပွားများနေစဉ်မှာပဲ မျက်လုံးထဲမှာ ဝိုးတဝါးအရိပ်တစ်ခုကို ဖျတ်ခနဲတွေ့လိုက်ရတယ်။ စိတ်ထဲမှာ အနှောင့်အယှက်ဖြစ်သွားတာကြောင့် အသေအချာလိုက်ကြည့်သော်လည်း တကယ့်မြင်ကွင်းထဲမှာ ဘာတစ်ခုမှ မတွေ့ခဲ့ရပါဘူး။ အမေပြုံးရဲ့မျက်ဝန်းထဲ စိုးရိမ်ပူပန်မှုတွေနဲ့ ထပ်တူပထမဆုံးရောက်ရှိလာတဲ့မျက်နှာဟာ သားမိုးထက်စွေရဲ့မျက်နှာပါပဲ။ အမေပြုံးဟာ ဆိုင်ကို အစောင့်ကလေးနဲ့ထားခဲ့ပြီး သားအတွက် စိုးရိမ်စိတ်တွေနဲ့အတူ ထန်းတောကိုသာဦးတည်ပြီး ပြေးတော့တာပါပဲ။ ထန်းတောကို ဘယ်အချိန်ရောက်မှန်းမသိ ရောက်သော်လည်း သားဖြစ်သူကို မတွေ့ရတော့

အမေပြုံးရဲ့ရင်ထဲမှာ ပူပန်မှုတွေနဲ့အတူ မိမိယုံကြည်အားကိုးရာ ရတနာသုံးပါးကိုသာ ကန်တော့ပြီး တိုင်တည်ခဲ့တာပေါ့။ အဲ့ဒီအချိန်မှာပဲ နောက်ဘက်က "အမေ"ဆိုတဲ့ အသံလာရာကို လှည့်ကြည့်မိတော့ ခေါင်းမှာ အရိုက်ခံထားရတဲ့ဒဏ်ရာနဲ့ ခြေတစ်ချောင်းထော့နင်းထော့နင်းနဲ့ သားဖြစ်သူကို တွေ့ခဲ့ရတယ်။ အမေပြုံးဟာ သားအတွက်စိုးရိမ်ပြီး ပါလာတဲ့ပုဝါစလေးကို မိုးထက်စွေရဲ့ခေါင်းမှာစည်းပြီး မနိုင်တဲ့သားကို မေတ္တာအားတွေနဲ့ တွဲခေါ်လာခဲ့တာပေါ့။ အိမ်ရောက်တာနဲ့ ဆေးဆရာအမြန်ခေါ်ပြီး သားအတွက် ကုသပေးခဲ့တယ်။ ဆေးဆရာက အကောင်းဆုံးသော ဆေးဝါးများနှင့် ကုသနေခဲ့သလို အမေပြုံးဟာလည်း နှိုင်းတုမရသောမေတ္တာတွေကို သားအတွက် ပို့သနေခဲ့တာပေါ့။ ဒီလိုနဲ့ မကြာခင်အချိန်မှာပဲ မိုးထက်စွေဟာ ဒဏ်ရာသက်သာပြီး အနည်းငယ်လန်းဆန်းသွားပါတော့တယ်။

ဒဏ်ရာက သက်သာလို့ မျက်လုံးနှစ်လုံး ဖွင့်ကြည့်လိုက်တဲ့အခါမှာ သားအတွက် စိုးရိမ်မှုတွေကြောင့် အမြဲပြုံးနေတဲ့အမေ့မျက်နှာ အနည်းငယ်အိုစာသွားတာကိုမြင်ရတော့ မိုးထက်စွေရဲ့ရင်ထဲ ပြင်းရှတဲ့ဝေဒနာတစ်ခု အလိုလိုခံစားခဲ့ရတယ်။ ထန်းရည်တွေ အလွန်အကျွံသောက်ပြီး ဘယ်သူနဲ့ ဘာဖြစ်ခဲ့တယ်ဆိုတာတောင် မမှတ်မိနိုင်တဲ့အတွက် အမေပြုံးဟာနောက်နေ့တွေမှာမိုးထက်စွေကိုရွာထဲကိုမလွှတ်တော့ဘူး။ ရွာထဲကို မသွားရတဲ့အတွက် ခါတိုင်းမူးနေတဲ့အချိန်မှာ မမူးရတဲ့ မိုးထက်စွေရဲ့ စိတ်ထဲမှာတော့ အလိုမကျ ဖြစ်နေရတာပေ့ါ။ အမေပြုံးရဲ့ စကားကိုလည်း နားမထောင်နိုင်အောင်ဖြစ်လာခဲ့တယ်။ ဒီအခါမှာတော့ မေတ္တာအပြည့်နဲ့ အမြဲနားလည်ပေးတတ်တဲ့ အမေပြုံးက တွေးတယ်။ "ငါ့သားလေးဟာ ငါဘယ်လိုပဲတားတား၊ တားလို့မရတော့ဘူး၊ သူသောက်နေကျအချိန်မှာတော့ သောက်ချင်နေမှာပေ့ါ။ ငါတောင်မေတ္တာပို့နေချိန် ပုံမှန်မေတ္တာပို့ရမှ ကျေနပ်သူပဲ။ ငါ့သားလေးမမှားပါဘူး။ တားသင့်တဲ့အရာကို အချိန်ရှိစဉ်က မတားဆီးခဲ့ဘဲ ချစ်လွန်းလို့ အလိုလိုက်ခဲ့တဲ့ ငါ့ရဲ့အမှားတွေပါပဲ။ အခုတော့ ငါ့သားလေးကို ချစ်ရာမရောက်ဘဲနစ်ရာရောက်နေပြီ။ ဒါပေမဲ့ ငါ့ရဲ့မိဘမေတ္တာ၊ စေတနာတွေနဲ့ အချိန်ယူပြီး ပြုပြင်ရင်တော့ ငါ့သားလေးဟာတစ်နေ့မှာ လူတော်လူကောင်းတစ်ယောက် ဖြစ်လာမှာ အသေအချာပါပဲလေ"လို့ တွေးနေခဲ့တယ်။

အဲ့ဒီအချိန်မှာပဲ မိုးထက်စွေက "သားနေလို့မရတော့ဘူး အမေရယ်၊ သား ရန်မဖြစ်တော့ပါဘူး၊ တစ်ခါတည်းဖြစ်တာကို အမေစိုးရိမ်မှုလွန်ကဲနေတာ၊ အမေဘယ်လိုတားတား သားကတော့သွားမှာပဲ"လို့ ပြောပြီး ပိုက်ဆံအိုးထဲက ပိုက်ဆံကိုယူပြီး ထွက်လာခဲ့တယ်။ မိုးထက်စွေ အိမ်ပေါ်ကဆင်းသွားတာကို မြင်တော့မှ အမေပြုံးသတိဝင်လာပြီး အတင်းအမြန် တားဆီးတော့တာပါပဲ။ "သားလေး၊ မသွားပါနဲ့သားရယ်၊ အမေ့သားလေးက လိမ္မာပါတယ်နော်၊ ခြေထောက်ကလည်း သိပ်ကောင်းသေးတာမဟုတ်ဘူး။ တကယ်လို့ သားလေး ဘယ်လိုမှ မနေနိုင်ဘူးဆိုရင် အိမ်မှာပဲ သောက်ပါသားရယ်။ သားလေးတစ်ခုခုထပ်ဖြစ်ရင် အမေပဲ ရင်ကျိုးရမှာ...။ အမေ့စေတနာကို သားနားလည်ပြီး အသိအမှတ်ပြုပေးရင် အိမ်မှာပဲသောက်ပါ သားရယ်၊ အမေတောင်းဆိုတာပါ"အမေပြုံးရဲ့ နှုတ်ဖျားက ရင်ထဲမှာ အလိုလိုပဲ ဝမ်းနည်းလာခဲ့တာပေါ့။ "နော် – နားထောင်ပေးပါနော် – သား"ဆိုတဲ့စကားသံလေးမဆုံးခင်မှာပဲ "ဟုတ်ကဲ့ပါအမေ သား နားထောင်ပါ့မယ်"ဆိုတဲ့အသံက ထွက်ပေါ်လာလေရဲ့။ အဲ့ဒီတော့မှ အမေပြုံးလည်း ဝမ်းသာအားရနဲ့ ဆိုင်အကူကောင်ကလေးကို ထန်းတောမှာ သွားဝယ်ခိုင်းရတာပေ့ါ။

ကောင်ကလေး ထန်းရည်ဝယ်နေစဉ်မှာပဲ အမေပြုံးက "သားလေးနဲ့အမေ အပေးအယူတစ်ခု လုပ်ကြရအောင်"လို့ ပြောခဲ့တယ်။ မိုးထက်စွေက "ဘာလဲအမေ"ဆိုတော့ "သားအတွက် အိမ်မှာသောက်ဖို့

ထန်းရည်ကို လိုသလောက် အမေက ဝယ်ပေးမယ်၊ သားစိတ်တိုင်းကျ သောက်ခွင့်ပေးမယ်၊ ဒါပေမဲ့ အဲ့ဒီ ထန်းရည်ဖိုးကို သားလေးက အမေ့ကို ပြန်ဆပ်ရမယ်။ ပြန်ဆပ်ဖို့ဆိုတာ ပိုက်ဆံမလိုဘူး။ အမေခိုင်းတာလေး ကိုပဲ သားကလုပ်ပေးပါ၊ စိတ်မပါလည်း လုပ်ရမယ် နော်"

"သားက ဘာကိုလုပ်ပေးရမှာလဲအမေ"လို့ မိုးထက်စွေမေးတော့ အမေပြုံးက "သားလေးလုပ်ရမယ့်အလုပ်က လွယ်ပါတယ်သားရယ်။ နံနက်အိမ်ရာ (၅)နာရီထပြီး ရတနာသုံးပါးနဲ့ သရဏဂုံတည်ပြီး သတ္တဝါအားလုံးအတွက် မေတ္တာပို့ပေးရမယ်။ ညနေ (၅)နာရီမှာလည်းတစ်ကြိမ်၊ ညအိပ်ရာဝင်တစ်ကြိမ် ပါပဲ။ အဲဒါ အနည်းဆုံး မေတ္တာပို့တဲ့ အကြိမ်အရေအတွက်နော်။ အဲ့လို အမြဲမေတ္တာပို့ပေးရင် အပိုဆုချမယ်လေ၊ သားလုပ်နိုင်တယ်မလား"လို့မေးတော့ မိုးထက်စွေလည်း စိတ်ဝင်စားစွာနဲ့ပဲ "ဟုတ်ကဲ့ သားကြိုးစားကြည့်ပါမယ်အမေ"လို့ သဘောတူခဲ့သတဲ့။ များမကြာမီမှာ ကောင်ကလေး ထန်းရည်တွေနဲ့အတူ ပြန်ရောက်လာတော့ မိုးထက်စွေဟာ ထန်းရည်သောက်ဖို့ ပြင်တော့တာပဲ။ ဒီတစ်ခါမှာတော့ မိုးထက်စွေဟာ အရင်နဲ့မတူတော့ဘဲ ထန်းရည်ကို တစ်ခွက်ရဲ့ တစ်ဝက်သာသောက်ပြီး ကျန်တာတွေကို မြေပေါ်ကို သွန်ချလိုက်တော့တာပဲ။ "ဒီလိုတစ်နေ့လုံး နေနိုင်အောင်နေမယ်ဆိုတဲ့စိတ်ကလည်း အပြည့်ပေါ့။ ဆန္ဒပြင်းပြသူအတွက် မဖြစ်နိုင်တာ ဘာမှမရှိတဲ့အတိုင်းပါပဲ၊ မိုးထက်စွေဟာ တစ်နေ့လုံး ထန်းရည်မမူးပဲ နေနိုင်ခဲ့တယ်။

အမေပြုံးဟာ သားလေးရဲ့လိမ္မာလာမှုကို သိရတော့ အတိုင်းထက်အလွန် ဝမ်းသာရတာပေါ့။ နောက်နေ့လည်းရောက်ရော နံနက်ငါးနာရီလောက်မှာ ဘုရားရှိခိုးသံလေးဟာ ချိုမြစွာကြားရတော့တယ်။ ဒီလိုနဲ့ နေ့လည်နဲ့ညနေ၊ ညဘက်တွေမှာလည်း သတိပေးစရာမလိုပါဘဲ မိုးထွက်စွေဟာ ပင်ကိုယ်မိုးထက်သာဘဝကို ကူးပြောင်းပြီး ဘုရား၊ တရား၊ သံဃာကို ကြည်ညိုပူဇော်ခဲ့တယ်။ အမေပြုံးလည်း ဝမ်းသာအားရနဲ့ ပိုက်ဆံတစ်ထောင်ကို ထုတ်ပေးတဲ့အခါမှာတော့ "ဘာအတွက် ဒီပိုက်ဆံကို ပေးတာလဲအမေ၊ အမေ့စကားထဲမှာ သားထန်းရည်ဖိုးအတွက် လိုအပ်လို့ အမေအလုပ်ပေးခဲ့တာမှန်ပေမယ့် အခုတော့ သားမှ ထန်းရည်မသောက်တော့တာ။ သားအတွက် ဘာမှမလိုအပ်တော့ပါဘူး။ သားသိပါပြီ၊ သားအတွက် မေမေ့မေတ္တာစွမ်းအင်တွေပဲရှိနေရင် အရာရာပြီးပြည့်စုံနေပါပြီ။ အခု သားရဲ့ ရတနာသုံးပါးကြည်ညိုမှုနဲ့ အမေ့စကားနားထောင်မှုကြောင့် ရတဲ့လုပ်အားခလေးနဲ့ ပထမဆုံး အမေ့ကို ကန်တော့ပါမယ်"လို့ပြောပြီး မိုးထက်သာဟာ အမေပြုံးကို ကန်တော့ပါတယ်။ အမေပြုံးကတော့ ဝမ်းသာလွန်းလို့ ဆုတောင်မပေးဖြစ်ခဲ့ပါဘူး။ အနက်ရှိုင်းဆုံးသော မိဘမေတ္တာနဲ့ ရတနာသုံးပါး၊ ကံနှင့် ကံ၏အကျိုးကို အားယူပြီး ဆုံးမသွန်သင်မှုတွေကြောင့် မိုးထက်သာဟာ နောင်တစ်ချိန်မှာတော့ အမေပြုံးရဲ့အနားမှာ အားကိုးရဆုံးသော သား၊ မိုးကောင်းကင်ထက် သာလွန်မြင့်မြတ်သောသားအဖြစ် ရာသက်ပန်နေထိုင်သွားရပါတော့တယ်။

ပုံပြင်ထဲက ကောင်လေးက အရမ်းဆိုးနေတာ တောင်မိဘကတော့ ချစ်မဝနိုင်ခဲ့ဘူးနော်။ ပြီးတော့ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ပြီး မိဘစကားနားထောင်လိုက်တာနဲ့ လူဆိုးလေးကနေ လူတော်၊ လူကောင်းလေးဖြစ်ခဲ့တယ်နော်။ ကလေးတို့လည်း ပုံပြင်လေးကိုဖတ်ပြီး သင်ခန်းစာရယူကာ တော်သည်ထက်တော်သော၊ကောင်းသည်ထက်ကောင်းသော သူတော်ကောင်းလေးတွေ ဖြစ်ပါစေ...)

ဆန္ဒပြုလျက်...

လရိပ်မေ(သာပေါင်း)

အထင်ကြီးသူ

သီဟဇော်(မြစ်ဝကျွန်းပေါ်)



တစ်ခါတုန်းကပေါ့ကွယ်...။

ကုက္ကိုပင်တွေစုပြီးပေါက်နေတဲ့ ကုက္ကိုတောအုပ်တစ်ခု ရှိသတဲ့။ ကုက္ကိုပင်ဆိုတာက သိတဲ့အတိုင်း အပင်ကြီးမျိုးတွေဖြစ်တော့ သက်တမ်းရင့်လာတာနဲ့ အမှု ပင်စည်၊ သစ်ကိုင်းတွေ ကြီးမားသလို အခက်၊ အလက်၊ အရွက်တွေက များပြားစွာ ရှိနေတာပေါ့။

အဲဒီကုက္ကိုပင်တောတန်းရဲ့ တစ်ခုသောကုက္ကိုပင်မှာ ဖျိုင်းတွေစုပြီး နေထိုင်ကြသတဲ့။ သူ့အသိုက်နဲ့သူ၊ သူ့မိသားစုနဲ့သူ၊ သင့်ရာနေရာမှာ နေထိုင်ကြတာပေါ့။

အဲဒီဖျိုင်းတွေထဲမှာ ဖျိုင်းမိသားစုတစ်စုလည်း အပါအဝင်ဖြစ်တာပေါ့ကွယ်။ ဖျိုင်းမိသားစုဆိုတာ

ကတော့ မျိုင်းအဖေရယ်၊ မျိုင်းအမေရယ်နဲ့ မောင်ဖြူ မောင်ညိုလို့ခေါ်တဲ့ မျိုင်းညီအစ်ကိုနှစ်ကောင်ပေါ့ ကွယ်။ မျိုင်းဆိုတာက အဖြူရောင်ရှိတယ်မဟုတ် လား။ ဒါကြောင့် ဖြူဆွတ်နေတဲ့အစ်ကိုဖြစ်သူကို မောင်ဖြူလို့ခေါ်ပြီး အဖြူရောင်သိပ်မရှိတဲ့ ညီဖြစ်သူ ကို မောင်ညိုလို့ခေါ်တာပေါ့ကွယ်။ မောင်ဖြူနဲ့ မောင် ညိုဟာ ငယ်ငယ်ကလေးပဲ ရှိသေးတယ်လေ။ အမွေး အတောင် စုံလင်စွာရှိပေမယ့်လည်း ကောင်းကောင်း မပျံနိုင်သေးဘူးလေ။

အဲဒီတော့ သူတို့နှစ်ကောင်ကို မျိုင်းအဖေနဲ့ မျိုင်း အမေက အစာရှာဖွေကျွေးမွေးရသတဲ့။ မနက်မိုးလင်း တာနဲ့ မျိုင်းအဖေနဲ့ မျိုင်းအမေတို့ အဖော်ဖြစ်သူ မျိုင်း တွေနဲ့အတူ အစာရှာဖွေဖို့ ထွက်သွားကြတယ်။ တစ် နေ့လုံး အစာရှာဖွေပြီးတာနဲ့ ညနေစောင်းမှာ အသိုက် ဆီကို ပြန်လာကြတယ်။ မောင်ဖြူနဲ့ မောင်ညိုတို့ အတွက် အစာတွေချီလာသတဲ့။ အစာတွေဆိုတာက ငါးကလေးတွေပေါ့ကွယ်။ ဒီလိုနဲ့ မောင်ဖြူနဲ့ မောင်ညို တို့ တဖြည်းဖြည်းကြီးလာပြီး အပျံသင်ရမယ့်အချိန် ရောက်လာပါလေရောကွယ်။ မျိုင်းအဖေနဲ့အမေက မောင်ဖြူတို့ညီအစ်ကိုတွေကို အပျံသင်ပေးတယ်။ အဲဒီမှာ မောင်ဖြူက ကြိုးစားသလောက် မောင်ညိုက အပျင်းထူးပြီး မကြိုးစားဘူးတဲ့လေ။ အချိန်တန်ရင် သူ့ဘာသာသူ ပျံတက်မှာပဲလို့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီး နေတယ်တဲ့လေ။ မျိုင်းအဖေနဲ့အမေက မောင်ညိုကို ကြိုးကြိုးစားစား အပျံသင်ဖို့၊ ကိုယ့်အစွမ်း အစနဲ့ကိုယ်နေထိုင်ဖို့ ပြောဆိုဆုံးမတာပေါ့။ မောင်ညို ကတော့ ဘာမှ အလေးအနက်မထားဘဲ နေသတဲ့ ကွယ်။ မျိုင်းအဖေနဲ့အမေကတော့ ထပ်ပြီးတော့ မပြောတော့ဘူးတဲ့။

တစ်နေ့မှာတော့ မျိုင်းအဖေနဲ့အမေတို့လည်း ထုံးစံအတိုင်း အစာရှာထွက်ကြတာပေါ့။ ညနေပြန် လာတဲ့အခါ မျိုင်းအမေတစ်ကောင်တည်း ပြန်လာ သတဲ့။ ငှက်မုဆိုးတွေနဲ့တွေ့တာကြောင့် မျိုင်းအဖေကို ဖမ်းမိသွားလို့ မျိုင်းအမေတစ်ကောင်တည်း ပြန်လာခဲ့ ရတယ်တဲ့လေ။ အဲဒီနေ့က မျိုင်းအမေမှာ အသက် ဘေးကလွတ်အောင် ထွက်ပြေးရတာကြောင့် ဘာမှ မရှာဖွေမစားသောက်ရတဲ့အပြင် သားနှစ်ကောင် အတွက်လည်း ဘာမှ ယူမလာရဘူးတဲ့။ မောင်ဖြူတို့ ညီအစ်ကိုတွေမှာ အဲဒီနေ့က အစာငတ်တာပေါ့။

နောက်မနက်မှာ မျိုင်းအမေအစာရှာထွက်တော့ မယ်ဆိုတော့ ပျံတက်နေပြီဖြစ်တဲ့ မောင်ဖြူက မျိုင်း အမေနဲ့အတူလိုက်ပြီး အစာရှာဖို့ခွင့်တောင်းသတဲ့။ မျိုင်းအမေက ခွင့်ပြုတာနဲ့ အစာရှာထွက်ဖို့ အသိုက်က နေ ပျံသန်းလာကြတယ်။ ရေအိုင်တစ်ခုဆီရောက်

တော့ ဗျိုင်းအမေက ဒီမှာအစာရှာကြမယ်လို့ပြောပြီး ရေထဲဆင်းလိုက်သလို မောင်ဖြူလည်း ရေထဲဆင်းသတဲ့။ ဗျိုင်းအမေက မောင်ဖြူကိုရေထဲကငါးကိုဘယ်လိုဖမ်းရမလဲဆိုတာသင်ပြရင်း သူကိုယ်တိုင် ငါးဖမ်းပြသတဲ့။ မောင်ဖြူလည်း သူ့အမေပြတဲ့အတိုင်း ရေထဲကငါးကို မြင်လျက်သားနဲ့ ဖမ်းလို့မရဘူးဖြစ်နေတယ်။ သူ့အမေက အားမလျှော့ဖို့ပြောရင်း ထပ်ကာထပ်ကာ သင်ပြတယ်။ ဒါပေမဲ့ မောင်ဖြူမှာ ငါးတစ်ကောင်မှဖမ်းလို့မမိဘူးတဲ့။ ဒါနဲ့ မောင်ဖြူတစ်ကောင်မှာ ညနေစောင်းတဲ့အထိ ငါးတစ်ကောင်မှ ဖမ်းလို့မမိတော့ ဗျိုင်းအမေရှာပေးတဲ့ငါးကိုသာ စားရသတဲ့။ ဒါနဲ့ ညနေစောင်းပြီဖြစ်လို့ ဗျိုင်းအမေက မောင်ညိုအတွက် ငါးဖမ်းပြီး အသိုက်ဆီကို ပြန်လာကြတယ်။

မောင်ဖြူမှာ တစ်နေ့လုံး ငါးဖမ်းမရလို့ စိတ်ပျက်လက်ပျက်ဖြစ်နေတာပေါ့ကွယ်။ ဗျိုင်းအမေကတော့ မောင်ဖြူကို စိတ်မပျက်ဖို့ အားပေးရင်း ငါးဖမ်းပုံ၊ ငါးဖမ်းနည်းနဲ့တကွ မောင်ဖြူငါးဖမ်းတာ ဘာတွေလိုနေသေးတယ်ဆိုတာကို ရှင်းပြသတဲ့။ မောင်ဖြူကို ရှင်းပြရင်းနဲ့ မောင်ညိုကိုပါ နားထောင်စေတယ်လေ။ ဒါပေမဲ့ မောင်ညိုကတော့ သေသေချာချာနားမထောင်ဘူးလေ။ ငါးဖမ်းတာများ လွယ်လွယ်လေးလို့တွေးပြီး အိပ်နေသတဲ့။ မောင်ဖြူကတော့ ဗျိုင်းအမေပြောသမျှ နားထောင်ပြီး အသေအချာမှတ်သားထားတာပေါ့။

နောက်တစ်နေ့ကျတော့ ဗျိုင်းအမေနဲ့မောင်ဖြူတို့လည်း ထုံးစံအတိုင်း အစာရှာထွက်ကြတာပေါ့။ ရေအိုင်ဆီရောက်ပြီး မောင်ဖြူက ဗျိုင်းအမေသင်ပေးတဲ့အတိုင်း ငါးဖမ်းလိုက်တာ ပထမ တစ်ခါနှစ်ခါတော့ ငါးမမိပေမယ့် နောက်တစ်ခါမှာ ငါးကို ဖမ်းမိသွားသတဲ့။ ဗျိုင်းအမေကိုပြတော့ မောင်ဖြူကို ဗျိုင်းအမေက တော်လိုက်တာလို့ ချီးမွမ်းသတဲ့။ အဲဒီနေ့က ဗျိုင်းအမေကလည်း ငါးဖမ်းလာပြီး မောင်ဖြူကလည်း ငါးယူလာလို့ မောင်ညိုမှာ ဗိုက်အင့်အောင် အစာစားလိုက်ရတယ်လေ။ မောင်ဖြူက သူ့ရဲ့ငါးဖမ်းအတွေ့အကြုံတွေကို ပြန်ပြောပြတော့ မောင်ညိုက ငြိမ်ပြီး နားထောင်နေတယ်။ မောင်ညိုစိတ်ထဲမှာတော့ ငါးဖမ်းတာများ ဘာမှမခက်ပါဘူး။ ငါသာဖမ်းရင် လွယ်လွယ်နဲ့ အများကြီးရမှာပဲလို့ သူ့ကိုယ်သူ အထင်ကြီးနေရှာသတဲ့ကွယ်။

နောက်တစ်နေ့မှာဗျိုင်းအမေနဲ့မောင်ဖြူတို့အစာရှာထွက်ကြမယ်လို့ ပြင်ဆင်ချိန်မှာ မောင်ညိုက သူလည်းလိုက်မယ်လို့ ပြောသတဲ့။ မောင်ဖြူကတော့ "ညီလေး မင်း ကောင်းကောင်းမပျံနိုင်သေးဘူး"လို့ ပြောသတဲ့။ မောင်ညိုက လက်မခံတာနဲ့ ခေါ်ခဲ့ရတယ်လေ။ ရေအိုင်ရောက်ဖို့က တော်တော်လေးပျံရတော့

ညိုကို ဘယ်လိုမှ ပြောမရတာနဲ့ ငါးရှာဖို့ထွက်သွားသတဲ့။ မောင်ညိုကတော့ ရေအိုင်စပ်မှာ နားနေရင်း ငါးဖမ်းတာများ လွယ်လွယ်လေးပါလို့ ရေရွတ်နေတယ်တဲ့။ ညနေစောင်းတော့ ဗျိုင်းအမေနဲ့ မောင်ဖြူက ငါးတစ်ကောင်စီချီလာပြီး မောင်ညိုကို ကျွေးဖို့ အသိုက်ရှိရာကို ပြန်လာကြတယ်။ အသိုက်ကိုရောက်တော့ မောင်ညိုမှာ မောနေသတဲ့။ အပျံသင်တဲ့အချိန်မှာ သေသေချာချာမသင်ဘဲနေတဲ့ မောင်ညိုမှာ မောင်ဖြူတို့လို ကြာကြာမပျံနိုင်ရှာဘူးပေါ့။ မောင်ညိုကတော့ ဘာမှ မစဉ်းစားတော့ဘဲ အိပ်ပျော်သွားတာပေါ့ကွယ်။

နောက်တစ်နေ့ကျတော့ မောင်ညိုက အပျံကျင့်ပြီး ကျန်နေမယ်ဆိုတာနဲ့ အသိုက်ထဲမှာ မောင်ညိုကို ထားပြီး ဗျိုင်းအမေနဲ့မောင်ဖြူတို့ အစာရှာထွက်ကြတာပေါ့။ မောင်ညိုကတော့ အသိုက်ထဲမှ ကျန်နေခဲ့တာက အပျံသင်ဖို့မဟုတ်ဘူးတဲ့။ တစ်နေ့လုံး အသိုက်ထဲမှာ ကောင်းကောင်းအိပ်ပြီး ဗျိုင်းအမေနဲ့ မောင်ဖြူတို့ရှာလာတဲ့ငါးကို အလွယ်တကူစားဖို့ပဲ စဉ်းစားနေတာပေါ့။ အပျံသင်ဖို့နဲ့ ငါးရှာစားဖို့ဆိုတာ လွယ်လွယ်လေးပါ။ ဘာမှမလုပ်လည်း ငါးစားနေရတာပဲလို့ မောင်ညို စိတ်ထဲမှာ တွေးပြီး ကိုယ့်ကိုယ်ကို အထင်ကြီးနေသတဲ့လေ။

နောက်နေ့မှာလည်း မောင်ညိုက မလိုက်သွားဘူးလေ။ အဲဒီညနေမှာတော့ အသိုက်ဆီကို မောင်ဖြူတစ်ကောင်တည်း ပြန်လာတယ်လေ။ ဗျိုင်းအမေတစ်ကောင်တော့ ငှက်မုဆိုးတွေလက်ချက်မိလို့ သေသွားပြီလို့ ပြောသတဲ့။ ဒါကြောင့် မောင်ဖြူလည်း ငှက်မုဆိုးတွေလက်က လွတ်အောင်ပြေးလာရလို့ အစာကောင်းကောင်းမရှာနိုင်ကြောင်း ပြောတာပေါ့။

မောင်ညိုမှာ မရောက်သေးဘူးလား၊ မရောက်သေးဘူးလားလို့ မေးပြီး အားတင်းကာ ပျံလာခဲ့ရတယ်တဲ့။ မောင်ဖြူက ရောက်တော့မှာ မကြာတော့ဘူးလို့ အားပေးပြီး မောင်ညိုကို ဖေးမလို့ ပျံလာတာပေါ့။ ရေအိုင်ဆီရောက်တော့ မောင်ညိုမှာ အားတင်းပျံလာရလို့ မောနေတာပေါ့။ အဲဒါနဲ့ ရေအိုင်စပ်မှာပဲ မောင်ညိုကို နားနေစေပြီး ဗျိုင်းအမေနဲ့ မောင်ဖြူတို့က ငါးဖမ်းကြတာပေါ့။

မောင်ဖြူကရလာတဲ့ငါးကိုယူလာပြီးမောင်ညိုကို ကျွေးတယ်။ မောင်ညိုကလည်း ယူစားလိုက်တာပေါ့။ ဗျိုင်းအမေကလည်း ငါးယူလာပြီး မောင်ညိုကို ကျွေးတယ်။ မောင်ညိုလည်း စားလိုက်တာပေါ့။ ဗျိုင်းအမေက မောင်ညိုကို ငါးဖမ်းနည်းသင်ပေးမယ်ဆိုတော့ မောင်ညိုက ဗိုက်တင်းနေလို့ မသင်ချင်သေးဘူး၊ ငါးဖမ်းတာများ ဘာမှခက်တာမှမဟုတ်ဘဲ လွယ်လွယ်လေးပါလို့ ပြောတယ်လေ။ ဗျိုင်းအမေမှာ မောင်

မောင်ညိုအတွက် အစာမပြောနဲ့၊ သူတောင် မနည်း ပျံလာရတယ်တဲ့လေ။ အဲဒီနေ့က မောင်ညို အစာငတ်တာပေါ့။

ဒါနဲ့ပဲနောက်တစ်နေ့ရောက်တော့မောင်ဖြူအစာရှာထွက်မယ်ဆိုတော့ မောင်ညိုက သူပါလိုက်မယ် ဆိုပြီး လိုက်ခဲ့တယ်။ မောင်ညိုစိတ်ထဲမှာတော့ အစာရှာဖို့ သိပ်လိုက်ချင်တာမဟုတ်။ မောင်ဖြူကတော့ ညှာတာပါတယ်။ မောင်ညိုပျံနိုင်မယ့်အနီးအနားက ရေအိုင်မှာပဲ အစာရှာတာပေါ့။ မောင်ညိုကို ငါးဖမ်းနည်းသင်ပြတယ်။ မောင်ညိုက ဆုံးအောင်နား မထောင်ဘဲ လွယ်ပါတယ်ကွာဆိုပြီး ရေအိုင်ထဲဆင်းလို့ ငါးဖမ်းတာပေါ့။ ဒါပေမဲ့ မောင်ညိုခင်ဗျာ ငါးမမိဘဲနဲ့ သူ့ရဲ့နှုတ်သီးမှာ ရွှံ့တွေပဲ ပေကျံခဲ့တာပဲ အဖတ်တင်တယ်လေ။ ဒါကြောင့် မောင်ညိုက ရှက်ပြီး ငါးထပ်ဖမ်းတယ်တဲ့။ မမိဘဲ ရွှံ့တွေသာ နှုတ်သီးမှာ ပေကျံတာပဲ အဖတ်တင်သတဲ့။ ငါးဖမ်းရင် ဘာလို့ မရဘဲ နေမှာလဲ၊ ငါးဖမ်းတာ လွယ်လွယ်လေးပါလို့ဆိုပြီး ထပ်ဖမ်းပြန်တာပေါ့။ ဒါပေမဲ့ မောင်ညိုခင်ဗျာမှာ ငါးတစ်ကောင်မှ ဖမ်းလို့မမိဘူးတဲ့။

ဒါနဲ့ မောင်ညိုလည်း ရေအိုင်စပ်မှာဘဲရပ်ပြီး ငါးမဖမ်းဘဲ နေသတဲ့။ အဲဒီအချိန်မှာ မောင်ဖြူက ရောက်လာပြီးမောင်ညိုစားဖို့ငါးတစ်ကောင်ဖမ်းလာပြီးကျွေးတယ်။ မောင်ညိုကိုလည်း စိတ်မပျက်ဖို့၊ အားမငယ်ဖို့၊ ဘယ်အရာမဆို အလွယ်တကူမရရှိဘဲနဲ့ ထပ်ကာထပ်ကာ ကြိုးစားဖို့၊ အဲဒါမှ အလေ့အကျင့်ဖြစ်ပြီး အောင်မြင်မယ်လို့ ပြောပြသတဲ့။ မောင်ညိုကတော့ မောင်ဖြူရဲ့စကားကိုနားထောင်ပေမယ့်လိုက်နာမှုမပြုပါဘူးတဲ့ကွယ်။ ဒါနဲ့ မောင်ဖြူလည်း မောင်ညိုကို ဒီရေအိုင်မှာ ငါးဖမ်းနေခဲ့ဖို့၊ သူက ဟိုဘက်ရေအိုင်မှာ မောင်ညိုစားဖို့ ငါးကြီးကြီး သွားဖမ်းပေးမယ်ဆိုပြီး ပျံထွက်သွားတာပေါ့။ မောင်ညိုကတော့ ဘာမှပြန် မပြောဘဲ ရေအိုင်စပ်မှာပဲ ကျန်ခဲ့တာပေါ့။

အဲဒီလိုအချိန်မှာ ရေဘဲလေးတစ်ကောင်က ရေအိုင်ရှိရာ ရောက်လာပြီး ဖြုန်းဆို ရေထဲထိုးဆင်းပြီး ပြန်ပေါ်လာတော့ ငါးတစ်ကောင် နှုတ်သီးမှာ ပါလာတာကို မောင်ညို တွေ့လိုက်သတဲ့။ မောင်ညိုလည်း ဝမ်းသာသွားတယ်။ ရေအိုင်ထဲကငါးကို စောင့်ပြီး နှုတ်သီးနဲ့ကိုင်ပေါက်ဖမ်းတာထက်စာရင် အခုလိုရေထဲ ငုတ်ပြီးဖမ်းရတာထက်စာရင် အခုလို ရေထဲငုတ်ပြီး ဖမ်းတာက လွယ်ဦးမယ်။ ငါလည်းလုပ်ရင်ရမယ်ဆိုပြီး တွေးသတဲ့။ ရေဘဲဆိုတဲ့အကောင်လေးက ငယ်ငယ်လေး၊ ငါက ရေဘဲထက်ကြီးတယ်။ ဒါကြောင့် ရေဘဲလို ငါးဖမ်းနိုင်တာပေါ့လို့တွေးပြီး ရေအိုင်စပ်ကနေ ပျံပြီး ရေအိုင်ထဲ ထိုးဆင်းလိုက်တယ်တဲ့။ ဒါပေမဲ့ ကျွမ်းကျင်မှုလည်း မရှိတဲ့အပြင်၊ ရေအတိမ်အနက်ကို မသိတဲ့အတွက် အရှိန်ဘယ်လိုထိန်းရမှန်းမသိဘဲ ကိုယ့်ကိုယ်ကို အထင်ကြီးတဲ့မောင်ညိုခင်ဗျာမှာ ရေအိုင်ထဲက ရွှံ့နွံတွေထဲ နှုတ်သီးစိုက်သွားတာပေါ့။ မောင်ညိုမှာ ရုန်းကန်ပေမဲ့ မရတဲ့အပြင် ရေမွန်းပြီး ရေထဲမှာ သေသွားတာပေါ့ကွယ်။

တော်တော်လေးကြာတော့ မောင်ဖြူက ငါးတစ်ကောင်ချီပြီးမောင်ညိုကိုရှာတာမတွေ့တာနဲ့မောင်ညိုတော့ ငါးဖမ်းကျွမ်းကျင်သွားပြီး သူ့ဖာသာသူ ရှာစားနိုင်ပြီလို့ ကျေနပ်သွားပြီး အသိုက်ဆီကို ပျံသွားပါလေရောတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

သီဟဇော် (မြစ်ဝကျွန်းပေါ်)

အရပ်ရှည်ဖို့ အရိုးသန်မာဖို့
Calcivita ကလေးအားဆေး
MEGA We Care
Calcivita
Supplement for children
60 softgel capsules
MM Reg. R1206A0222
Calcivita အားဆေးဟာ ကလေးတွေရဲ့အရိုးကို
သန်မာကျစ်လစ်စေပြီး အရပ်လည်းရှည်စေပါတယ်...
MEGA We care

Unilever

175 YEARS

Knorr

FLAVOURS OF LIFE

၁၇၅ နှစ်တိုင်တိုင် ကမ္ဘာတစ်ဝန်း အိမ်ရှင်မတိုင်းရဲ့လက်စွဲ ခနော

Knorr Brand ကို စတင်တည်ထောင်သူမှာ ဂျာမနီနိုင်ငံမှ *Mr. Carl Heinrich Knorr* ဖြစ်ပြီး *Knorr Brand* ကို ၁၈၃၈ တွင် စတင်ထုတ်လုပ်ခဲ့ပါသည်။ စတင်ထုတ်လုပ်စဉ်ကပင် သဘာဝ *Ingredient* များကို တန်ဖိုးထားပြီး မူလသဘာဝအရသာအတိုင်း ထုတ်လုပ်ခဲ့ပါသည်။ *Knorr Brand* သည် သဘာဝပစ္စည်းများကို တန်ဖိုးထားပြီး အကောင်းဆုံးအရသာနှင့် ဟင်းချက်ရလွယ်ကူမြန်ဆန်ခြင်းတို့ဖြင့် အိမ်ရှင်မများကို အမြဲကူညီပေးလျှက်ရှိပါသည်။ ယခုဆိုလျှင် *Knorr Brand* သည် နှစ်ပေါင်း ၁၇၅နှစ်တိုင်တိုင် ကမ္ဘာပေါ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေပြီး ကမ္ဘာ့နိုင်ငံပေါင်း (၁၀၀)ကျော်တွင် ရောင်းချလျှက်ရှိနေပါသည်။

“အနံ့အရသာလည်းရှိ ကျန်းမာပြီး အာဟာရပြည့်ဝစေရမယ်”ဆိုတဲ့ ကတိဟာ ခနော ရဲ့နှလုံးသားထဲမှာ အမြစ်တွယ်တည်ရှိနေပါတယ်။